# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၇၃)၊ ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၊ ၂၉-၅-၂၀၂၅၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် နေရာကွက်၍ မိုးကြီးနိုင်



**နေပြည်တော် မေ ၂၈**

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ်ကမ်းလွန်)တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မုတ်သုံလေအားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ ဖွန့် ၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၃ ပေမှ ၁၅ ပေခန့်ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှု အန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ယူအီးအက်ဖ်အေ ကွန်ဖရန့်လိဂ်ချန်ပီယံဆုအား ချဲလ်ဆီးအသင်းထိုက်ထိုက်တန်တန်ဆွတ်ခူး




**လန်ဒန် မေ ၂၈**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ယူအီးအက်ဖ်အေကွန်ဖရန့်လိဂ်ဖိုလ်လုပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ပရီးမီးယား လိဂ်ကလပ် ချဲလ်ဆီးအသင်းနှင့် စပိန်လာလီဂါကလပ်ဘက်တစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ချဲလ်ဆီးအသင်းက ဘက်တစ်အသင်းအား လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆု အား ထိုက်ထိုက်တန်တန်ဆွတ်ခူးခဲ့သည်။

ချဲလ်ဆီးအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၆၅ မိနစ်တွင် အန်ဇိုဖာနန်ဒက်စ်၊ ပွဲချိန်မိနစ် ၇၀ တွင် နီကိုလက်စ်ဂျက်ဆန်၊ ပွဲချိန် ၈၃မိနစ် တွင် ဆန်ချို၊ ပွဲချိန် (၉၀+၁)မိနစ်တွင် ကိုင်စီဒိုတို့က အသီးသီးသွင်းယူပေးခဲ့သည်။

ချဲလ်ဆီးအသင်း ယူအီးအက်ဖ်အေကွန်ဖရန့်လိဂ်ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ပြီးနောက် အသင်းပရိသတ်များကလည်း တစ်ခဲနက်အောင်ပွဲခံခဲ့ ကြသည်။

ချဲလ်ဆီးအသင်းသည် ဥရောပပြိုင်ပွဲသုံးရပ်စလုံးတွင် ဗိုလ်စွဲနိုင်သည့် ပထမဆုံးသော အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ချဲလ်ဆီးအသင်းထုတ်ပြန်ချက်တွင် "အခုလို ယူအီးအက်ဖ်အေ ကွန်ဖရန့်လိဂ်ချန်ပီယံဆုအား ဆွတ်ခူးနိုင်လို့ အတိုင်းမသိဂုဏ်ယူမိပါတယ်။ အသင်းချန်ပီယံဆုရရှိအောင် အစွမ်းကုန်ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။

(NGB)

၂၀၂၅ ခုနှစ် ၊ မေ ၂၉ ရက်၊ ကြာသပတေးနေ့။
မန္တလေး

## စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

စက်မှုဖွံ့ဖြိုးရေးကော်မရှင် ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်တွင်းစက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်သည်။ အဓိကအားဖြင့် ပြည်တွင်းရှိ စက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာရေးနှင့် စက်မှုလုပ်ငန်းစီမံကိန်းအသစ်များ စနစ်တကျထူထောင်အကောင်အထည်ဖော်နိုင်ရေးဖြစ်သည်။

သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကကဏ္ဍတွင်ရှိသော စက်ရုံများ၊ အလုပ်ရုံများကို ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စက်မှုလုပ်ငန်းအဖြစ် ရေရှည်ရပ်တည်နိုင်ပြီး အရည်အသွေးကောင်းမွန်သော စက်မှုထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် One Stop Service (OSS) အစီအစဉ်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်ကြောင်း၊ စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ လုပ်ငန်းတာဝန် (၁၆) ချက်နှင့်ပတ်သက်၍ လုပ်ငန်းတာဝန်အလိုက် ဆောင်ရွက်ရမည့် တာဝန်ခံဝန်ကြီးဌာနများလည်း သတ်မှတ်ပြီးဖြစ်ရာ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် နိုင်ငံတော်၏ စက်မှုဖွံ့ဖြိုးရေးကဏ္ဍကို အထောက်အကူပြုနိုင်ရေးအတွက် မိမိတို့အကောင်အထည်ဖော်ပေးရမည့် လုပ်ငန်းတာဝန်အလိုက် တာဝန်ခံဌာန သို့မဟုတ် လုပ်ငန်းအဖွဲ့များဖွဲ့စည်းပြီး စနစ်တကျဆောင်ရွက်ရန်နှင့် ဆောင်ရွက်ခဲ့မှုများကို လစဉ်တင်ပြပေးစေလိုကြောင်း၊ သို့မှသာ KPI များနှင့် Target များအတိုင်း ထိရောက်စွာအကောင်အထည်ဖော်နိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်အကဲဖြတ်ခြင်း (Monitoring & Evaluation) ဆောင်ရွက်မည့်ဌာနသို့ ပေးပို့ပြီး စိစစ်သုံးသပ်နိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ပြန်လည်ထူထောင်ရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံး ဘိလပ်မြေ သံမဏိအစရှိသည့်ပစ္စည်းများ လိုအပ်လျက်ရှိရာ ပြည်တွင်း၌ တည်ဆောက်ပြီးဖြစ်သည့် စက်ရုံများကို စွမ်းအားပြည့်လည်ပတ်နိုင်ရေး ပံ့ပိုးပေးရန် လိုအပ်သကဲ့သို့ စက်ရုံသစ်စီမံကိန်းများ တိုးပွားလာရေးကိုလည်း တစ်ပြိုင်နက်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုန်ကြမ်းများ အသုံးပြုပြီး သွင်းကုန်အစားထိုးထုတ်လုပ်ရန် ကြိုးပမ်းနေသကဲ့သို့ ပြည်ပမှ ကုန်ချောများ တိုက်ရိုက်တင်သွင်းခြင်းအစား တစ်ဝက်တစ်ပျက်ကုန်ချော (Semi Product) များတင်သွင်းပြီး ပြည်တွင်း၌ ကုန်ချော (Finished-Product)များ ထုတ်လုပ်နိုင်ရေးကိုလည်း စဉ်းစားဆောင်ရွက်ပေးစေလိုကြောင်း၊ ထိုသို့လုပ်ဆောင်ခြင်းဖြင့် နိုင်ငံခြားငွေ အသုံးပြုမှုလျှော့ချနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ အစည်းအဝေးတက်ရောက်လာကြသည့် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများအနေဖြင့် ဝန်ကြီးဌာနအလိုက်ဆောင်ရွက်ရမည့် အဓိကစွမ်းဆောင်ရည်ညွှန်းကိန်း (KPI) နှင့် ဦးတည်ရလဒ် (Target) များ၊ ကော်မရှင်၏ရည်မှန်းချက်နှင့် မဟာဗျူဟာများအပေါ် ဝိုင်းဝန်းဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်း စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက မေ ၂၇ ရက် မွန်းလွဲပိုင်းက စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည့် စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ (၂/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရေးပါသော အခြေခံအထောက်အပံ့ကောင်းဖြစ်သည်။ နိုင်ငံတော်၏ စက်မှုကဏ္ဍတွင် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုဖြင့် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် ထိထိရောက်ရောက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ကျင်းပ



**မန္တလေး မေ ၂၈**

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို မေ ၂၇ ရက် မန္တလေးမြို့ အောင်မြေမန္တလာအားကစားကွင်းနှင့် ရွှေမန်းတောင်အားကစားကွင်းတို့တွင် ကျင်းပသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ယူကျင်းပခြင်းဖြစ်ပြီး မန္တလေးတိုင်းအတွင်းရှိ မြို့နယ်ပေါင်းစုံက အသက်(၁၈)နှစ်အောက် (အမျိုးသား)များ ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်သည်ဟု မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ သိရသည်။

၎င်းဘောလုံးပြိုင်ပွဲကို မေ ၂၀ ရက်မှာ ပြန်လည်ကျင်းပခဲ့ခြင်းဖြစ်ပြီး မေ ၂၇ ရက်တွင် အောင်မြေမန္တလာအားကစားကွင်း၌ မိတ္ထီလာမြို့နယ်အသင်းနှင့် ချမ်းအေးသာစံမြို့နယ်အသင်း၊ ရွှေမန်းတောင်အားကစားကွင်း၌ အမရပူရမြို့နယ်အသင်းနှင့် စဉ့်ကိုင်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သက်ဆိုင်ရာ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအားကစားဆပ်ကော်မတီအသီးသီးအဖွဲ့ဝင်များ၊ ဘောလုံးဝါသနာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံအသက် (၁၈)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအခမ်းအနားကို ဇွန် ၃ ရက်တွင် အောင်မြေမန္တလာအားကစားကွင်း၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၅)

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး မေ ၂၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ၈၉ လမ်း၊ ၁၀လမ်းနှင့် ၁၁လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ အကွက် (ဃ-၄)၊ ၆၄ လမ်းနှင့် ၁၁၁လမ်းထောင့်၊ မြို့သစ် (၄) ရပ်ကွက်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို မေ ၂၉ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ ၅၄ လမ်းနှင့် ၁၃၃လမ်းထောင့်၊ (၈)ရပ်ကွက်တွင်လည်းကောင်း၊ မေ ၃၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြား၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ ဆေးရုံမြောက်ဘက်၊ မဟာဂန္ဓာရုံအနောက်ပေါက်၊ မေ ၃၁ ရက်တွင် မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ်ရပ်ကွက်၊ ၇၃လမ်း၊ တက္ကသိုလ်လေ့ကျင့်ရေးကျောင်းရှေ့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဖ-၈/၉)၊ ၅၉လမ်း၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြား၊ ကံသာယာရပ်ကွက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ဟင်းသီးဟင်းရွက်များ ထောက်ပံ့

**မန္တလေး မေ ၂၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း ပဥ္စမအကြိမ် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး ၆ ထပ်ဆောင်အောက် မြေညီထပ်တွင် ပြုလုပ်ခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက်သီးနှံများကို စိုက်ပျိုး၍ ခူးဆွတ်ပေးလျက်ရှိကြောင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

ပဥ္စမအကြိမ်ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ကန်စွန်းရွက် ၄၃၀ စည်း၊ ဘူးသီး ၁၅၀ လုံး၊ ရုံးသီး ၁၃၅ ထုပ်၊ ဘူးညွှန့် ၁၀၀ စည်း၊ ခရမ်းသီး ၁၈ ထုပ်တို့ကို ကော်မတီရုံးရှိဝန်ထမ်း ၅၂ ဦး၊ ဘဏ္ဍာရေးဌာန ၆၉ ဦး၊ လမ်းတံတားဌာန ၁၂၈ ဦး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနရှိဝန်ထမ်း ၄၅ ဦး၊ စစ်ဆေးရေးဌာနရှိ ဝန်ထမ်း ၇၃ ဦးတို့အား ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဌာနမှူး ဦးကျော်ဇာနည်လွင်နှင့် တာဝန်ရှိသူများက အချိုးကျခွဲဝေထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၃)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး/ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ Mr. Marcoluigi Corsi အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၈

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်မှုပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး/ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ Mr. Marcoluigi Corsi အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် Mr. Marcoluigi Corsi အနေဖြင့် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း မြန်မာနှင့် ကုလသမဂ္ဂအကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ယာယီစာသင်ကျောင်းဆောင် လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား တက်ရောက်

နေပြည်တော် မေ ၂၈

မန္တလေးငလျင်ဘေးသင့်ဒေသများအတွက် AHA Centre မှ တစ်ဆင့် အလှူရှင်နိုင်ငံများက လှူဒါန်းထားသော အသင့်တပ်ဆင်အသုံးပြုနိုင်သည့် ယာယီစာသင်ကျောင်းဆောင်များ (Prefabricated Schools) လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ AHA Centre ၏ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Lee Yam Ming၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် AHA Centre မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ဇွန်လပထမပတ်အတွင်း ကျောင်းများ အချိန်မီပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကလေးများ အမိုးအကာအောက်တွင် လုံခြုံအေးချမ်းစွာ ပညာ သင်ကြားနိုင်ရေးအတွက် AHA Centre ၏ညှိနှိုင်းပေါင်းစပ်ပေးမှုဖြင့် အလှူရှင်နိုင်ငံများမှ လှူဒါန်းသည့် ယာယီစာသင်ကျောင်းဆောင် ၂၀ ကို နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ငါးဆောင်စီ တည်ဆောက်ပေးသွားမည် ဖြစ်သည်။

ယာယီစာသင်ကျောင်းဆောင် လွှဲပြောင်းပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး AHA Centre ၏ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Lee Yam Ming က ယာယီစာသင် ကျောင်းဆောင်များကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးတို့ထံသို့ လွှဲပြောင်းပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ပြန်ကြားရေးဝန်ကြီးဌာန ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ ကျောင်းနေ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများပေးအပ်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ ကျောင်းနေ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ကျောင်းသားမိဘများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုလို ထောက်ပံ့ပေးရခြင်းမှာ စိတ်ဓာတ်ခွန်အားပေးခြင်းဖြစ်သကဲ့သို့ ဝန်ထမ်းအချင်းချင်း မိသားစုစိတ်ဓာတ်၊ လုပ်ဖော်ကိုင်ဖက်စိတ်ဓာတ်များကို ပြသခြင်းဖြစ်ကြောင်း၊ စေတနာများကို တုံ့ပြန်သည့်အနေဖြင့် ဝန်ထမ်းများက မိမိတို့၏ သားသမီးများကို လူချွန်လူကောင်းများဖြစ်စေရန်၊ အကျင့်စာရိတ္တ မြင့်မားသူများဖြစ်စေရန်နှင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိသူများဖြစ်စေရန် အတွက် ပြုစုပျိုးထောင်ပေးကြစေလိုကြောင်း၊ မိမိတို့မျှော်မှန်းနေသည့် ကျန်းမာကြံ့ခိုင်သည် လူမျိုး၊ ဖွံ့ဖြိုးတိုးတက်ချမ်းသာကြွယ်ဝသည့် နိုင်ငံဖြစ်အောင် ကောင်းမွန်သည့် ပညာရေးစနစ်နှင့် တစ်နည်းအားဖြင့် ပညာတတ်သည့် မျိုးဆက်ကသာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၏ ကျောင်းနေ သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများကို ကျောင်းသားမိဘတစ်ဦးထံ ပေးအပ်စဉ်။

ယခုကဲ့သို့ ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းသည် ဝန်ထမ်းဖြစ်သူ မိဘများအတွက် အထိုက်အလျောက် အထောက်အကူဖြစ်စေမည်ဟု မျှော်လင့်ကြောင်း၊ မိဘများအနေဖြင့် မိမိတို့သားသမီးများ အခက်အခဲမရှိ ပညာတတ်တစ်ဦးဖြစ်စေရေးအတွက် အဓိကရည်မှန်းချက်တစ်ခုအဖြစ် ထားရှိရမည်ဖြစ်သကဲ့သို့ ကောင်းမွန်မှန်ကန်သည့် စိတ်ဓာတ်များနှင့် မှန်ကန်သည့်လမ်းကြောင်းပေါ်တွင် တစ်စိုက်မတ်မတ် လျှောက်လှမ်းနိုင်သူများဖြစ်စေရန် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝန်ကြီးရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ကျောင်းသားမိဘများအား ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှကျောင်းသားမိဘများအား ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် ဝန်ကြီးဌာနတစ်ခုလုံးအတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်မှုမှာ မူလတန်းကျောင်းသားကျောင်းသူ ၁၃၄၈ ဦး၊ အလယ်တန်း ၅၄၄ ဦး၊ အထက်တန်း ၅၂၁ ဦး၊ တက္ကသိုလ် ၃၂၀ စုစုပေါင်း ကျောင်းသားကျောင်းသူ ၂၇၃၃ ဦးရှိကာ မူလတန်းတစ်ဦးလျှင် ငွေကျပ်ငါးထောင်နှင့် ဗလာစာအုပ်တစ်ဒါဇင်၊ အလယ်တန်းတစ်ဦးလျှင် ငွေကျပ် ၇၅၀၀ နှင့် ဗလာစာအုပ်တစ်ဒါဇင်၊ အထက်တန်းတစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှင့် ဗလာစာအုပ်နှစ်ဒါဇင်၊ တက္ကသိုလ်တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှင့် ဗလာစာအုပ်နှစ်ဒါဇင်နှုန်းဖြင့် စုစုပေါင်းထောက်ပံ့မှု ငွေကျပ် ၅၂၃၀၀၀၀၀ ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သမဝါယမအသင်းသားတောင်သူများထံ မျိုး၊ သွင်းအားစုများ ပေးအပ်၊ လယ်ယာဝန်ဆောင်မှု သရုပ်ပြထွန်ယက်စိုက်ပျိုးခြင်း ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မျိုးစေ့ထုတ်ကုမ္ပဏီများ၊ သွင်းအားစုကုမ္ပဏီများ၊ လယ်ယာသုံးစက်ကိရိယာ ရောင်းချသည့်ကုမ္ပဏီများ ပူးပေါင်းကျင်းပသည့် မျိုး၊ မြေဩဇာ သွင်းအားစုပေးအပ်ခြင်း၊ သမဝါယမလယ်ယာဝန်ဆောင်မှုသရုပ်ပြခြင်းနှင့် စပေါင်းထွန်ယက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရုံးပင်ဇောင်းကျေးရွာ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် သမဝါယမအသင်းသားတောင်သူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယခုကဲ့သို့ မျိုးကောင်းမျိုးသန့်ရရှိရေး၊ သွင်းအားစု အချိန်မီရရှိရေးတို့အတွက် လယ်ယာဝန်ဆောင်မှု ချိတ်ဆက်ခြင်းအခမ်းအနားများ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ နေပြည်တော်အပါအဝင် မန္တလေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးများ၌လည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ထွန်စက်ရောင်းချသည့် ကုမ္ပဏီများနှင့်ချိတ်ဆက်၍ လယ်ယာသုံးစက်ကိရိယာ ၅၈ စီးကို သမဝါယမအသင်းသားတောင်သူများအတွက် ရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း။

လယ်ယာအထောက်အကူပြု ဝန်ဆောင်မှု သမဝါယမအသင်းများအနေနှင့် တိုင်းဒေသကြီး/ ပြည်နယ် ၁၄ ခုရှိ မြို့နယ် ၁၃၂ မြို့နယ်၊ သမဝါယမအသင်း ၁၆၂ သင်းမှ အသင်းသားများသို့ ရိတ်သိမ်းခြွေလှေ့စက် ၁၁၄ စီး၊ ထွန်စက်ကြီး ၄၅၂ စီးနှင့် အခြားစက် ၆၄ စီး စုစုပေါင်းစက် ၆၃၀ ဖြင့် ထွန်ယက်ဧက ၃၈၅၇၂၀ ဒသမ ၆၇ ဧကနှင့် ရိတ်/ခြွေဧက ၆၇၉၄၈ ဒသမ ၈၅ ဧကတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး နေပြည်တော်တွင် သမဝါယမအသင်းပိုင်၊ အသင်းသားပိုင် စက်ကိရိယာများနှင့် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများမှ စက်ကိရိယာ ၃၄ စီးတို့ဖြင့် ထွန်ယက်ဧက ၁၉၁၈၇ ဧကနှင့် ရိတ်/ခြွေဧက ၅၅၉၅ ဧကကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။



စီမံကိန်းသီးနှံများစိုက်ပျိုးမည့် အသင်းသားတောင်သူများအနေဖြင့် ဒါရိုက်တာအဖွဲ့ဝင်များက ဦးဆောင်ပြီး အထွက်နှုန်းကောင်းသည့် မျိုး၊ သွင်းအားစုများကို စုပေါင်းဝယ်ယူခြင်း၊ စုပေါင်းထွန်ယက်ခြင်း၊ အချိန်မီစုပေါင်းစိုက်ပျိုးခြင်း၊ စုပေါင်းရိတ်သိမ်းခြင်းစသည့် နည်းလမ်းများနှင့် ဆောင်ရွက်ခြင်းဖြင့် ပန်းတိုင်အထွက်နှုန်းကို ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် စုပေါင်းရောင်းချခြင်းကိုလည်း အတူတကွလုပ်ဆောင်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီနယ်မြေအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အရင်းအနှီး ထောက်ပံ့ပေးနိုင်မှု၊ နည်းပညာပံ့ပိုးပေးနိုင်မှု၊ မျိုးနှင့် သွင်းအားစုများ ပံ့ပိုးပေးနိုင်မှုအခြေအနေများကို ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက လယ်ယာဝန်ဆောင်မှု လုပ်ငန်းများကို သမဝါယမအသင်းများ၊ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကကုမ္ပဏီများ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တာဝန်ရှိသူတစ်ဦးက ဘဏ်အရစ်ကျစနစ်ဖြင့် ဝယ်ယူခြင်းဆိုင်ရာလုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကုမ္ပဏီများမှ တာဝန်ရှိသူများက လယ်ယာဝန်ဆောင် ထွန်ယက်စိုက်ပျိုးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ သမဝါယမအသင်းသားတောင်သူများ၏ သိရှိလိုသည်များ မေးမြန်းမှုအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပြီး ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့က သမဝါယမအသင်းသားတောင်သူများ၏ လယ်မြေဧကတစ်သောင်းကျော်အတွက် ငွေကျပ်သန်း ၂၂၈၀ တန်ဖိုးရှိ အစေ့ချစက်၊ စပါးမျိုးစေ့၊ ဝါမျိုးစေ့နှင့် သွင်းအားစုများ ပေးအပ်ကာ ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ အစေ့ချစက်များကိုလည်းကောင်း၊ တောင်သူများနှင့် ချိတ်ဆက်ရောင်းချပေးနေမှု အခြေအနေကိုလည်းကောင်း၊ သမဝါယမလယ်ယာဝန်ဆောင်မှု ထွန်ယက်သရုပ်ပြသနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မိတ္ထီလာခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်

**မိတ္ထီလာ မေ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီက အဆိုပါဘဏ်ခွဲတွင် ကျင်းပသည်။

၂၀၂၅ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မိတ္ထီလာခရိုင်မန်နေဂျာ ဒေါ်မာမာသီက မြို့နယ်အတွင်း ချေးငွေ ကြွေးကျန်များ ပြေကြေစွာ ကောက်ခံရရှိပြီးလျှင် ပြေကြေသည့် တောင်သူများအား ချေးငွေသစ်များကို မေ ၁၉ ရက်မှ စတင်၍ ပြန်လည်ထုတ်ချေးပေးမည်ဖြစ်ကြောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မိတ္ထီလာခရိုင်မန်နေဂျာက ကျွဲတာလင်းကျေးရွာအုပ်စုမှ တောင်သူ ၁၂၁ ဦးတို့အား ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေကျပ် သိန်း ၇၈၉ ဒသမ ၅၀ ကို ထုတ်ချေးခဲ့သည်။ ဆက်လက်၍ ကျန်ရှိသော ကျေးရွာအုပ်စုများကို လည်း သတ်မှတ် ထုတ်ချေးကာလအတွင်း ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်သည်။

မိတ္ထီလာခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရန် ကျေးရွာအုပ်စု ၅၃ အုပ်စုမှ မိုးစပါးစိုက်ပျိုးရန်လျာထားဧက ၁၄၀၀၀နှင့် အခြားသီးနှံဧက ၄၄၀၀၀ တို့အတွက် ထုတ်ချေးရန် လျာထားငွေကျပ်သိန်း ၆၅၀၀၀ လျာထားကြောင်း သိရသည်။

(၄၆၉)

၀-၀-၀-၀

# သီတဂူစက္ခုဒါနဆေးရုံတော် (ရန်ကုန်)သို့ ဗီယက်နမ်ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့က ငွေကျပ်သိန်းတစ်ထောင် လာရောက်လှူဒါန်း

ရန်ကုန် မေ ၂၈

သောဠသမ ရွှေကျင်သာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာ အရှင်ဉာဏိဿရ ကျေးဇူးတော်ရှင် သီတဂူဆရာတော်ကြီးထံသို့ မေ ၂၇ ရက်တွင် ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့၌ သာသနာပြုနေသည့် ဆရာတော် VEN . THICH POUOC TAN ဦးဆောင်သော ဗီယက်နမ် ဗုဒ္ဓဘာသာသာသနာပြုအဖွဲ့က စက္ခုဒါနအလှူအဖြစ် ငွေကျပ်သိန်းတစ်ထောင်ကို လာရောက်လှူဒါန်းသည်။

ရှင်းလင်းမိန့်ကြား

သီတဂူဆရာတော်ကြီးကဗီယက်နမ်ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့အား စက္ခုဒါန အလှူတော်အကြောင်းအရာများ၊ သာသနာပြုလုပ်ငန်းဆောင်ရွက်ချက်များနှင့် မြန်မာနိုင်ငံတွင် ငလျင်ဒဏ်သင့်ဒေသများတွင် သာသနိကအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းမိန့်ကြားသည်။

ယင်းနောက် ဗီယက်နမ်ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့က လာရောက်လှူဒါန်းခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ဆက်လက်၍လည်း မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာတော်အတွက် လိုအပ်သည့်နေရာများတွင် လှူဒါန်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လျှောက်ထားသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးက နဝကမ္မလှူဒါန်းမှုအတွက် သာဓုအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သည်။

ထို့နောက် ဗီယက်နမ်ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့က သီတဂူ စက္ခုဒါနဆေးရုံတွင် မျက်စိခွဲစိတ်ကုသမှုခံယူနေသော မျက်စိဝေဒနာရှင်များအား လှူဒါန်းငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး အားပေးစကားပြောကြားသည်။

အဆိုပါ ဗီယက်နမ် ဗုဒ္ဓဘာသာသာသနာပြုအဖွဲ့သည် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်စာသင်တိုက်များနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ရန်အတွက် သီတဂူဆရာတော်ကြီး၏ ဦးဆောင်မှုနှင့်အတူ သွားရောက်လှူဒါန်းမည်ဖြစ်ပြီး ငလျင်ဒဏ်သင့်ဒေသခံပြည်သူများအတွက်လည်း ကူညီလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# Huawei Technologies Co., Ltd.က ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ငလျင်ဘေးသင့်ဝန်ထမ်းများအတွက် လူသုံးကုန်ပစ္စည်းများနှင့် ဆေးဝါးများ ပေးအပ်လှူဒါန်း



နေပြည်တော် မေ ၂၈

Huawei Technologies Co., Ltd. မှ Chief Executive Officer ဖြစ်သူ Mr. Zhao You Jun နှင့် တာဝန်ရှိသူများသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ငလျင်ဘေးသင့်ဝန်ထမ်းများအတွက် လူသုံးကုန်ပစ္စည်းများနှင့် ဆေးဝါးများ အပါအဝင် စုစုပေါင်းပစ္စည်း ၁၁ မျိုးကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) နေပြည်တော်သို့ လာရောက်ပေးအပ်လှူဒါန်းသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မိမိတို့ဝန်ကြီးဌာနရှိ နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၏ ၈၀ ရာခိုင်နှုန်းနီးပါးသည် ငလျင်ဒဏ်ခံကြရသူများဖြစ်ကြောင်းနှင့် ငလျင်ဘေးသင့်ဝန်ထမ်းများအတွက် လိုအပ်လျက်ရှိသော ယာယီတဲများ၊ ခြင်ထောင်များ၊ ဆေးဝါးများ၊ ရေသန့်စက်နှင့် ဆက်စပ်ပစ္စည်းများ လာရောက်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ က Huawei Technologies Co., Ltd. က ပေးအပ်လှူဒါန်းသော ထောက်ပံ့ရေး ပစ္စည်းများကို လက်ခံရယူပြီး ကုမ္ပဏီ၏ Chief Executive Officer ဖြစ်သူ Mr. Zhao You Jun အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မဟာအောင်မြေမြို့နယ် Community Centre ခန်းမ၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

မန္တလေး မေ ၂၈

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက ကလေးအလုပ်သမားပပျောက်ရေးနှင့် ပတ်သက်၍ ဟောပြောရာ အလုပ်လုပ်သော ကလေးသူငယ်များဆိုသည်မှာ အလုပ်လုပ်ကိုင်သည့် အသက်(၁၈)နှစ်မပြည့်သေးသူများကိုဆိုလိုပြီး တည်ဆဲဥပဒေများပါ သတ်မှတ်ချက်ရှိ အနိမ့်ဆုံးအသက်အထက်ရှိ တရားဝင် အလုပ်လုပ်ကိုင်လျက်ရှိသည့် လူငယ်များလည်းပါဝင်ကြောင်း၊ ကလေးအလုပ်သမားပပျောက်ရေးသည် အလွန်အရေးကြီးကြောင်း၊ မိဘတွေရဲ့အိမ်ထောင်ရေး၊ စီးပွားရေးသည် အရေးကြီးကြောင်း၊ ကလေးတွေကို အမြတ်ထုတ်စီးပွားရေးသမားတွေ တန်ရာတန်ကြေးမပေးဘဲခိုင်းစေနေမှုများပပျောက်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်သင့်ကြောင်း၊ တိုင်းပြည်ရဲ့အနာဂတ်မှာ မျိုးဆက်သစ်လူငယ်တွေ၊ တန်ဖိုးရှိတဲ့လူငယ်တွေ မဆုံးရှုံးစေဖို့၊ ကလေးအလုပ်သမားပြဿနာကို သတိကြီးစွာထားရှိဖို့၊ အစိုးရနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံးမှာလည်းတာဝန်ရှိပြီး အားလုံးပူးပေါင်းမယ်ဆိုရင် ကလေးအလုပ်သမားပပျောက်ပြီး အဆိုပါလုပ်ငန်းစဉ်သည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ဟောပြောပွဲတက်ရောက်လာသူများက ပြသထားသောနံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရွှေတိုး**

၀-၀-၀-၀

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးဟန်ဝင်းအောင်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အာဆီယံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာ ခင်သီတာ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ငလျင်ဘေးဒဏ်သင့် စစ်ကိုင်းမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု လိုက်လံကြည့်ရှု

မုံရွာ မေ ၂၈

အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှု နှစ်လပြည့်အဖြစ် ဆုတောင်းမေတ္တာပို့သ၍ အမှုအတမ်းပေးဝေခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီးရှိ သာသနဉ္စဗိမာန်တွင် ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။



ဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ စစ်ကိုင်းမြို့ သောတပန်ရပ်ကွက် ခေမာသီဝံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသိရီထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြကာ ဆရာတော်ကြီးများနှင့် ပင့်သံဃာဆရာတော်များထံ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(အဖွဲ့ဝင်)စစ်ကိုင်းမြို့ ရွှေဘုန်းပွင့်ကျောင်းတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍာဝံသထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြည်ညိုကာ ရေစက်သွန်းချ အမျှပေးဝေကြပြီး "အနိစ္စဝတ သင်္ခါရ" အစချီသော သံဝေဂဂါထာအား ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ ရာဇမဏိစူဠာ ကောင်းမှုတော်စေတီတော်ကြီးသို့ ရောက်ရှိ၍ စေတီတော်ကြီး ကြံ့ခိုင်မှုများ ပြန်လည်စစ်ဆေးရန်အတွက် စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စေတီတော်ကြီးမြောက်ဘက်မုခ်ရှိ မေတ္တာကန်တော် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားမှု အဆင်ပြေစေရန်အတွက် စစ်ကိုင်းမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ တစ်ထပ်ကျောင်းဆောင်အဆောက်အအုံလေးလုံး တည်ဆောက်နေမှုနှင့် ရွာထောင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ တစ်ထပ်ကျောင်းဆောင် နှစ်ဆောင်နှင့် အာဆီယံ The AHA Centre က ထောက်ပံ့လှူဒါန်းသည့် ကွန်တိန်နာကျောင်းဆောင် (Prefabricated Schools) တစ်လုံး တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စစ်ကိုင်းမြို့ နှစ် (၇၀၀) ပြည့်သူ့အားကစားကွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည့် ငလျင်ဘေးသင့် ပြည်သူများအတွက် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်း ဆောက်ရွက်ပေးခြင်း အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ငလျင်ဘေးသင့် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ကြကာ ငလျင်ဘေးသင့် ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံဝေငှပေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စစ်ကိုင်းမြို့နှင့်အနီးဝန်းကျင်ရှိ ကျေးရွာများမှ ငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေသည့် မလေးရှားနိုင်ငံ ဆေးကုသမှုအဖွဲ့အား တိုင်းဒေသကြီး အစိုးရအဖွဲ့က ဂုဏ်ပြုနေ့လယ်စာဖြင့်တည်ခင်းဧည့်ခံပွဲသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးတို့က မလေးရှားနိုင်ငံ စစ်သံမှူးနှင့် ဆေးကုသရေးအဖွဲ့ခေါင်းဆောင်တို့ထံ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်၍ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ငလျင်ဒဏ်ကြောင့်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၈

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ မန္တလေးတောင်တော်သို့ သွားရောက်၍ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများနှင့် ဘုရား၊ စေတီပုထိုးများ၌ အပျက်အစီးများ ရှင်းလင်းဖယ်ရှား ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ မန္တလေးတောင်တော်ဆုတောင်းပြည့်ဘုရားရင်ပြင်တော်ရှိ အမိုးခုံးတိုင်များ ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် Sky Villa နေရာသို့ သွားရောက်၍ အပျက်အစီးများ ရှင်းလင်းရန် ကျန်ရှိသည့် " A " ဆောင်ကို ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ လုပ်ဆောင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ ဖြိုဖျက်ပြီးသော အဆောက်အအုံနေရာများတွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု၊ လုပ်ငန်းခွင်အနီးရှိပစ္စည်းလက်ခံ/လွှဲပြောင်းရေးအဖွဲ့ ယာယီရုံး၌ Sky Villa အဆောက်အအုံ အပျက်အစီးများအား ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက ဖယ်ရှားရှင်းလင်းစဉ် တွေ့ရှိခဲ့သော ပစ္စည်းများကို ပစ္စည်းလက်ခံရှာဖွေစုဆောင်းရေးနှင့် ပြန်လည်အပ်နှံရေးအဖွဲ့ထံသို့ စနစ်တကျအပ်နှံမှုနှင့် ထိန်းသိမ်းထားရှိမှုများနှင့် သက်ဆိုင်ရာပိုင်ရှင်များ လက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးနိုင်မှုတို့ကို ကြည့်ရှုစစ်ဆေး၍ စားသောက်ဖွယ်ရာများပေးအပ်ကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ချမ်းအေးသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ် အတွင်းရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံများအား ဖြိုချကာ အပျက်အစီးများ အပြီးသတ် ရှင်းလင်းနေမှုနှင့် ဖြိုချဖျက်ဆီးဆဲ အန္တရာယ်ရှိ အဆောက်အအုံများ၌ စက်ယန္တရားကြီးများ အသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းရေးဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ် တိုးချဲ့ (၄)ရပ်ကွက်ရှိတြိရတနာ မဟာအောင်မြေမြတ်စွာဘုရား ခြောက်ဆူကုန်းတော်သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော စေတီပုထိုးများနှင့် ဘုရားပရိဝုဏ်အတွင်းရှိ ရှေးဟောင်းအုတ်ကျောင်းတော်ကြီးတို့၌ တပ်မတော်သားများက ဖယ်ရှား ရှင်းလင်းနေမှုတို့ကို ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အမရပူရမြို့နယ် မှန်တန်းရပ်ရှိ မင်းတုန်းမင်းမယ်တော် ပြာအိုးအုတ်ဂူ၊ ဝါးတန်းမြောက်အရပ်ရှိ သက်တော်ရသက်တော်ရှည် မြတ်စွာဘုရား၊ မှန်တန်းရပ်ရှိ ပင်မပဌာန်မြားရိပ်သာနှင့် မဟာဝေယံဘုံသာဗားကရာကျောင်းတော်ကြီးတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား အဖွဲ့အစည်း အသီးသီးက ရှင်းလင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဖြိုချဖျက်ဆီးဆဲ အန္တရာယ်ရှိ အဆောက်အအုံ အပျက်အစီးများအား စက်ယန္တရားကြီးများ အသုံးပြုရာတွင် Oriental Highway Company နှင့် မြန်မာပြည်ဖွား တရုတ် ဟုတ်ကြန့် မျိုးနွယ်များက ပူးပေါင်းရှင်းလင်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပင်မပဌာန်မြားရိပ်သာ ဆရာတော်ကြီးများအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် စဉ့်ကိုင်မြို့နယ်ရှိမြစိမ်းရောင်ခန်းမ၌ ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်နိုင်ရေး အသိပညာပေး ဟောပြောပွဲသို့ တက်ရောက်၍ ဒေသခံပြည်သူများအား အဆောက်အအုံများ ပြန်လည် တည်ဆောက်ရာတွင် တည်ဆောက်ရမည့် နည်းလမ်းများ၊ လုပ်ငန်းစဉ်များနှင့် အသုံးပြုရမည့်ပစ္စည်းများအား ကျွမ်းကျင်သူများနှင့် တိုင်ပင်၍ ပြုလုပ်ဆောင်ရွက်သွားရန် အသေးစိတ်ဆွေးနွေး၍ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ဒေသခံပြည်သူများ၏ သိရှိလိုသည့်အချက်များကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ယင်းနောက် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုကြသည်။

ထို့နောက် စဉ့်ကိုင်မြို့နယ် အိုးထိန်းတောင်ကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း (အိုးထိန်းတောင်) ကျောင်းဝင်းအတွင်းနှင့် စိတ္တရကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း (စိတ္တရ) ကျောင်းဝင်းအတွင်းတို့၌ ယာယီကျောင်းဆောင်သစ်များ ဆောက်လုပ်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ် မြေစာရင်းဦးစီးဌာနရုံးဝင်းအတွင်းရှိ Modular Container House များဖြင့် (ယာယီ)ရုံးဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Jim Carrey ပါဝင်သည့် Yes Man မှာ အထီးကျန်ချိန် လမ်းပြပေးသည့် ရုပ်ရှင်ဖြစ်

ဟောလိဝုဒ်အနုပညာရှင် ဂျင်ကာရေးပါဝင်ထားသည့် Yes Man မှာ ဘယ်အရာမှ အကောင်းမမြင်၊ တစ်ဦးတည်းအထီးကျန်ချိန် လမ်းပြပေးသည့် ရုပ်ရှင်ဖြစ်ကြောင်း ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




အဆိုပါဇာတ်ကားတွင် မိမိကိုယ်တိုင်အဆိုးမြင်သည့်အပြင် အခြားသူများကိုလည်း ကြည့်မရဖြစ်နေသူ တစ်ဦး၊ သူငယ်ချင်းများနှင့်မလိုက်ဘဲ အထီးကျန်စွာ အဆိုးမြင်စိတ်နှင့်ဖြတ်သန်းရင်း ဟောပြောပွဲတစ်ခုနားထောင်ရာမှ သူ့အတွက် လိုအပ်နေသည့် ကွက်လပ်၏အဖြေကို ရှာတွေ့သွားခဲ့ပုံကို ရိုက်ကူးထားသည်။

မည်သည့်အရာမှ အကောင်းမမြင်တတ်ဘဲ အထီးကျန် စိတ်ဓာတ်ကျနေသူများအတွက် ရလာသည့် အခွင့်အရေးကို လက်မလွှတ်သင့်ကြောင်း ဟာသနှောဖန်တီးတင်ဆက်ပေးထား၍ တစ်ဦးတည်း အထီးကျန်ချိန် လမ်းပြပေးမည့်ရုပ်ရှင်ဖြစ်သည်ဟု ညွှန်းဆိုထားသည်။ (SKY)



## ကြက်ငှက်တုပ်ကွေးပိုးရပ်စ် ကြောင်သို့ကူးစက်ရာမှ ကြောင်နှင့်လူအကြား ကူးစက်လာမည်ကို စိုးရိမ်ရ

"အိတ်ချ်ဖိုက်အင်န်ဝမ်း ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်သည် ပြောင်းလဲနေဆဲဖြစ်ပြီး ငှက်မှ ကြောင်သို့ ကူးစက်ရာမှ ကြောင်နှင့်လူအကြား ကူးစက်လာမည်ကို အလွန်စိုးရိမ်ဖွယ်ကောင်းနေသည်"ဟု အမေရိကန် ဦးဆောင်သုတေသီ မေရီလန်းကုသရေးဆေးပညာဌာနမှ အဖွဲ့ဝင်ပါမောက္ခ ဒေါက်တာခရစ်စတင်ကိုးလ်မန်း မကြာသေးမီက ပြောကြားခဲ့သည်။

ယင်းဗိုင်းရပ်စ်သည် ကြောင်များအတွက် အလွန်အသက်အန္တရာယ်ရှိပြီး လူသားများဆီသို့ ကူးစက်နိုင်ခြေကို ပိုမိုတိကျစွာ အကဲဖြတ်နိုင်ရန် ကြောင်များတွင် ဗိုင်းရပ်စ်ပျံ့နှံ့မှု ဘယ်လောက်ထိ ကျယ်ပြန့်နေသည်ကို အလျင်အမြန် ရှာဖွေဖော်ထုတ်ရန် လိုအပ်နေပြီဟု ၎င်းက ရှင်းပြသည်။

၂၀၀၄ မှ ၂၀၂၄ အထိ အချက်အလက်များကို လေ့လာကြည့်ရာတွင် ကမ္ဘာတစ်ဝန်းရှိ ကြောင် ၆၀၇ ကောင် ကြက်ငှက်တုပ်ကွေး ကူးစက်ခံခဲ့ရပြီး ၃၀၂ ကောင်သေဆုံးခဲ့ကြောင်း သိရသည်။ (SCI)

## Aamir Khan က တရုတ်ဟာသရုပ်ရှင်ပွဲတော်သို့ အချစ်သစ်နှင့် တက်ရောက်ခဲ့

ဘောလီဝုဒ် ခန်သုံးခန်တွင် ပါဝင်သည့် အမီရ်ခန်သည် ဇနီးနှစ်ဦးနှင့် တရားဝင်ကွာရှင်းထားပြီး လက်ရှိချစ်သူအသစ်နှင့်အတူ တရုတ်တွင် ကျင်းပသည့် နိုင်ငံတကာ ဟာသရုပ်ရှင်ပွဲတော်သို့ တက်ရောက်ခဲ့ကြောင်း ဘောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အမီရ်ခန်သည် လက်ရှိချစ်သူအကြောင်း တရားဝင် ချပြခဲ့ပြီးနောက် ပွဲအခမ်းအနားများတွင်ပါ ပွဲထုတ်ခဲ့ရာ တရုတ်တွင် ကျင်းပသည့် နိုင်ငံတကာ ဟာသရုပ်ရှင်ပွဲတော်သို့ အတူတက်ရောက်၍ ဂုဏ်ပြုဆု လက်ခံရယူခဲ့သည်။

တရုတ်တွင် အအောင်မြင်ဆုံး အနုပညာရှင်ဖြစ်၍ အမီရ်ခန်ကို တရုတ်သို့ ပြန်လည်ရောက်ရှိမှုအပေါ် ပရိသတ်များက ဝမ်းပန်းတသာ ဆီးကြိုခဲ့ကြသည်။ (SKY)



## Jung Hae-In က G Dragon ၏ 2025 World Tour Ubermensch Korea သို့ တက်ရောက်ခဲ့

အနုပညာရှင် ဂျောင်ဟေအင်းက ဂျီဒရယ်ဂွန်နှင့် မွေးဖွားနှစ်တူ၍ Good Day တွင်ပါဝင်ခဲ့ပြီး ဂျီဒရယ်ဂွန်၏ 2025 World Tour Ubermensch Korea Concert သို့တက်ရောက်ခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပွဲကို နှစ်ရက်ပေါင်း ပရိသတ်ခြောက်သောင်းရှစ်ထောင်ကျော် တက်ရောက်ခဲ့ကြပြီး အနုပညာရှင် အယောက်တစ်ရာကျော် တက်ရောက်ခဲ့ကြသည်။



အေးခဲနေသော ရာသီဥတုတွင် သုံးနာရီကြာပွဲကို လွတ်သွားမည်စိုး၍ ဂျောင်ဟေအင်းက သန့်စင်ခန်းပင် ထမသွားနိုင်ဖြစ်ခဲ့ကာ ဂျီဒရယ်ဂွန်ကလည်း ဂျီဒရယ်ဂွန် ပီသစွာ မည်သူနှင့်မျှမတူသည့် ဖျော်ဖြေပွဲကို AI နည်းပညာအသုံးပြု၍ ခမ်းနားစွာ ကျင်းပထားသည်။

ယင်းပွဲကို Hyundai က တာဝန်ယူဆောင်ရွက်ပေးခဲ့ပြီး Pop Up Store ထဲတွင် ရောင်းအား အမြင့်ဆုံး မှတ်တမ်းဝင်ကာ စံချိန်သစ် ချိုးနိုင်ခဲ့သည်။(SKY)




## Wang Yibo ၏ One And Only တွင် လောကဓံမှပေးသောဒဏ်ရာကို ပန်းလိုသိကြောင်း ပြသထား

တရုတ်အနုပညာရှင် Wang Yibo ၏ One And Only တွင် ဘဝနှင့်ရင်း၍ သင်ခန်းစာပေးထားရာ လောကဓံမှပေးသောဒဏ်ရာများကို ပန်းလိုသိပြီး အနုပညာအဖြစ် အလှဆုံးပွင့်ပြခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် Wang Yibo ၏ ဇာတ်ရုပ်မှာ "မင်းကျရှုံးပြီး လဲကျသွားရင်တောင် သတ္တိရှိရှိ ပြန်ရပ်တည်ပြီး ပြန်စတင်ရပ်တည်ဖို့ ဦးတည်ချက်ကို ရှာဖွေနိုင်ပါတယ်" "ရှင်သန်နေသ၍ ရှင်သန်နေတဲ့ ဘဝလမ်းတစ်လျှောက် လောကဓံတွေကို မကြုံရသူမရှိပါဘူး" "လောကဓံက ပေးတဲ့ဒဏ်ရာတွေကို ပန်းတွေလိုသိပြီး အနုပညာအဖြစ် အလှဆုံးပွင့်ပြခဲ့တာပါ"ဟု ဆိုခဲ့သည်။ ဇာတ်ရုပ်စကားနှင့် လက်တွေ့ဘဝဖြစ်ရပ်များမှာ ထပ်တူကျနေ၍ Wang Yibo ၏ အရှုံးမပေးဘဲ သတ္တိရှိရှိ ပြန်ရပ်တည်၍ အကောင်းဆုံး ရင်ဆိုင်တုံ့ပြန်ပုံကို ပရိသတ်သဘောကျနေကြသည်။ (SKY)

## The Call of The Wild ခွေးချစ်သူ ပရိသတ် အားပေးထားကြ

စာရေးဆရာကြီး ဂျက်လန်ဒန်၏ နာမည်ကြီးဝတ္ထုကို ရုပ်ရှင်အဖြစ် အသက်သွင်းထားသည့် The Call of The Wild မှာ ခွေးချစ်သူပရိသတ်များ အားပေးမှုရရှိထားကြောင်း ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မင်းသားကြီး ဟယ်ရစ်ဆန်ဖိုဒ် ပါဝင်ထားကာ ခွေးလိမ္မာတစ်ကောင်နှင့်အတူ ပျော်ရွှင်စွာ နေထိုင်သောဘဝကို ဖြတ်သန်းခဲ့ပုံအကြောင်း ဖြစ်သည်။

သခင်က စွပ်ဖားလှည်းဆွဲခွေးအဖြစ် ရောင်းစားခံရပြီး စွပ်ဖားလှည်းတစ်စီးနှင့်အတူ စွန့်စားခန်းများ ထွက်ရင်း ပြောင်းလဲခဲ့သောဘဝနှင့် ဆက်တိုက်ကြုံခဲ့ရကြောင်း၊ တိရစ္ဆာန်ချစ်သူ ခွေးချစ်သူများ ကြိုက်နှစ်သက် အားပေးမှု ရရှိထားသည့် ရုပ်ရှင်ဖြစ်သည်။

(SKY)




## Black Pink မှ Jennie ၏ Coachella ဖျော်ဖြေမှုကြောင့် Like Jennie ထိပ်ဆုံးရောက်ရှိလာ

ဘလက်ပင့်ခ်အဖွဲ့ဝင် ဂျင်းနီ၏ Coachella ဖျော်ဖြေမှုအရှိန်နှင့်တစ်ကိုယ်တော်ဂီတ Like Jennie မှာ ဂလိုဘယ်စပေါ့တက်ပီတွင် နံပါတ် ငါးနေရာ ဝင်ရောက်လာကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါသီချင်းသည် ထိပ်ဆုံးငါးဦးစာရင်းထဲတွင် ပထမဆုံးအကြိမ် ဝင်ရောက်ခဲ့ပြီး သူ၏သီချင်း Mantra နှင့် လီဆာ၏ Money တို့မှာ ကေပေါ့ပ်အမျိုးသမီး တစ်ကိုယ်တော်ဂီတအဖြစ် ပူးတွဲ စံချိန်တင်ခဲ့ကြသည်။

ဂျင်းနီ၏ အကဦးစားပေး အမ်တီဗွီဖြစ်ပြီး သူ၏ မာထန်သော အသံကို ဖျော့၊ ဖော့သုံးထား၍ အံ့အားတသင့်ဖြစ်နေကြပြီး အချိန်တိုအတွင်း ဖျော်ဖြေတင်ဆက်မှုကို ပရိသတ်နှစ်ခြိုက်စွာ အားပေးထားကြသည်။



ဂျင်းနီ၏ ရက်ပ်စာသားများကို ဇီကိုက ရေးသားထားကာ ကိုရီးယားစာသားအနည်းငယ်သာ Like Jennie တွင်ပါဝင်ပြီး၊ We Dem Boyz အကအဖွဲ့က ဖန်တီးပါဝင်ပေးထား၍ ဂျင်းနီသည် Coachella ဖျော်ဖြေမှုအပြီး ထိပ်ဆုံးစာရင်းဝင်ခဲ့ခြင်းဖြစ်သည်။ (SKY)

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဒေါ်နယ်လ်ထရမ့်က ငွေကြေးကဏ္ဍပိုင်းတွင် တွန်းအားပေးလျက်ရှိသဖြင့် ထရမ့်မီဒီယာနှင့် နည်းပညာကုမ္ပဏီအုပ်စုက ဘစ်ကွိုင်တွင် ရင်းနှီးမြှုပ်နှံ




**ဝါရှင်တန် မေ ၂၈**

ထရမ့်မီဒီယာနှင့် နည်းပညာကုမ္ပဏီအုပ်စုက ဘစ်ကွိုင်တွင် ရင်းနှီးမြှုပ်နှံရန် ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံခန့် ထားရှိမည်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ယင်းကုမ္ပဏီအုပ်စုကို ငွေကြေးကဏ္ဍပိုင်းတွင် တွန်းအားပေးလျက်ရှိသဖြင့် ၎င်း၏ ဝင်ငွေလမ်းကြောင်းများကို မတူကွဲပြားစေရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ယင်းကုမ္ပဏီအုပ်စုအနေဖြင့် ၎င်း၏နောက်ဆုံးပိတ်ဈေးနှုန်းဖြင့် ရှယ်ယာ ၁ ဒသမ ၅ ဘီလီယံနှင့် ၃၅ ရာခိုင်နှုန်း ပရီမီယံဖြင့် ဈေးနှုန်းသတ်မှတ်ထားသော ပြောင်းလဲနိုင်သည့် ငွေချေးစာချုပ် တစ်ဘီလီယံကို ရောင်းချခြင်းဖြင့် ရန်ပုံငွေများ စုဆောင်းနေကြောင်း ယမန်နေ့က ထွက်ပေါ်လာသော ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဘစ်ကွိုင်တွင် ရင်းနှီးမြှုပ်နှံရန် ပထမသုံးလပတ်အကုန်တွင် ဒေါ်လာ ၇၅၉ သန်းကို လက်ရှိငွေသားအဖြစ်လည်းကောင်း ရေတိုရင်းနှီးမြှုပ်နှံမှုများနှင့်အတူ လက်ကျန်ရှင်းတမ်းတွင်လည်းကောင်း ထိန်းသိမ်းထားမည်ဟု ဆိုသည်။

ငွေကြေးလွတ်လပ်ခွင့်၏ အထွတ်အထိပ်ကိရိယာတစ်ခုအဖြစ် ဘစ်ကွိုင်ကို ရှုမြင်ပြီး မိမိတို့ကုမ္ပဏီ၏အစီအစဉ်တွင် ကြီးမားသောခြေလှမ်းသစ်တစ်ရပ်အဖြစ် ထရမ့်မီဒီယာကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဒယ်ဗင်နူနက်စ်က ချီးကျူးခဲ့ကြောင်း သိရသည်။

**Mon**



## ဟာ့ဂ်ျဘုရားဖူးခရီးစဉ်ကို ဇွန် ၄ ရက်နေ့တွင် စတင်မည် ကမ္ဘာအနှံ့မှ ဘုရားဖူးတစ်သန်းကျော် ဆော်ဒီသို့ရောက်ရှိနေ

**ရီယာ့ဒ် မေ ၂၈**

ဆော်ဒီအာရေဗျနိုင်ငံသည် နှစ်စဉ်ကျင်းပသည့် ဟာ့ဂ်ျဘုရားဖူးခရီးစဉ်ကို ဇွန် ၄ ရက်တွင် စတင်မည်ဟု ကြေညာခဲ့ရာ လဆန်းခြင်းကို အာကာသလေ့လာရေးဌာနများထံမှ အတည်ပြုပြီးနောက် ထိုသို့ကြေညာခြင်းဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဆော်ဒီအာရေဗျ၏ အမျိုးသားရေးဆိုင်ရာ အထက်တရားရုံးမှ ယမန်နေ့က ထုတ်ပြန်ခဲ့သော ကြေညာချက်ကို ဆော်ဒီအစိုးရသတင်းဌာနက ဖော်ပြခဲ့သည်။

ကမ္ဘာအနှံ့မှ ဟာ့ဂ်ျဘုရားဖူးတစ်သန်းကျော် ဆော်ဒီအာရေဗျသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဆော်ဒီအာရေဗျအစိုးရက သတင်းစာရှင်းလင်းပွဲတွင် အတည်ပြုသည်။

ဟာ့ဂ်ျခရီးစဉ်သည် အစ္စလာမ်သာသနာ၏ အခြေခံတာဝန်ကြီး ငါးရပ်အနက် တစ်ရပ်ဖြစ်ပြီး စွမ်းဆောင်နိုင်သမျှ မွတ်စ်လင်မ်တိုင်း တစ်သက်တွင် တစ်ကြိမ်ကျ ဖြည့်ဆည်းရမည့် တာဝန်ဖြစ်သည်။

အစ္စလာမ်ပြက္ခဒိန်၏ ဇုလ်ဟိဂ်ျဂျာလ၏ ၈ ရက်မှ ၁၃ ရက်အတွင်း ဟာ့ဂ်ျဘုရားဖူးအစီအစဉ်ကို နှစ်စဉ်ကျင်းပလေ့ရှိကြောင်း သိရသည်။

**Mon**

## တရုတ်နိုင်ငံ ရှန်တောင်းယူဒေါင်းဓာတုပစ္စည်းစက်ရုံတွင် ပေါက်ကွဲမှုဖြစ်ပွား၊ လူ ၂၀၀ ကျော်ဖြင့် တုံ့ပြန်ဆောင်ရွက်

**ပေကျင်း မေ ၂၈**

တရုတ်နိုင်ငံ ဝေဖူးမြို့ရှိ ရှန်တောင်းယူဒေါင်းဓာတုပစ္စည်းထုတ်လုပ်ရေးစက်ရုံတွင် မေ ၂၇ ရက် ဒေသစံတော်ချိန် မွန်းတည့်ခါနီးအချိန်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

တရုတ်လူမှုမီဒီယာများတွင် ဖြန့်ဝေနေသော ဗီဒီယိုများတွင် လိမ္မော်နှင့် အနက်ရောင်မီးခိုးများ ကောင်းကင်သို့ ထိုးတက်နေသည်ကို တွေ့ရသည်။ ပေါက်ကွဲမှုကြောင့် အနီးရှိ အဆောက်အအုံများ၏ ပြတင်းပေါက်များ၊ တံခါးဘောင်များ လွင့်ထွက်သွားသည်ကို ဗီဒီယိုတစ်ခုတွင်လည်း မြင်ရသည်။

တရုတ်အရေးပေါ်တုံ့ပြန်ရေးအာဏာပိုင်များ၏ မွန်းလွဲပိုင်းထုတ်ပြန်ချက်အရ လူပေါင်း ၂၀၀ ကျော်တို့ ယင်းပေါက်ကွဲမှုကို တုံ့ပြန်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**Mon**

## ဆူဒန်နိုင်ငံတွင် ကာလဝမ်းရောဂါ ကူးစက်မှုများ မြင့်တက်လာ

**ခါတူးမ် မေ ၂၈**

ဆူဒန်နိုင်ငံတွင် ကာလဝမ်းရောဂါကူးစက်မှုများ မြင့်တက်လာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

မေ ၃ ရက်ကထုတ်ပြန်ချက်တွင် ဝန်ကြီးဌာနမှ ဖော်ပြချက်အရ ဖြစ်ပွားမှု၏ ၉၀ ရာခိုင်နှုန်းကို ခါတူးမ်မြစ်ဝှမ်းပြည်နယ်တွင် တွေ့ရှိရပြီး ယင်းဒေသ၌ ရေနှင့်လျှပ်စစ်ထောက်ပံ့မှုများ ပြတ်တောက်မှုများ ပြင်းထန်စွာဖြစ်ပွားလျက်ရှိသည်။

ယင်းကူးစက်မှုများကို နိုင်ငံ၏တောင်ပိုင်း၊ အလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင်လည်းတွေ့ရှိရသည်။

ကာလဝမ်းရောဂါသည် ဆူဒန်နိုင်ငံတွင် နှစ်စဉ်ဖြစ်ပွားလေ့ရှိသော်လည်း ရေနှင့်သန့်ရှင်းမှု၊ ကျန်းမာရေးအခြေခံ အဆောက်အအုံများ ပိုမိုပျက်စီးလာကာ ရောဂါဖြစ်ပွားမှုအခြေအနေ ပိုမိုဆိုးရွားလာသည်။

လွန်ခဲ့သော သုံးပတ်အတွင်း ဖြစ်ပွားမှု ၂၃၀၀ ကျော်အနက် ၅၁ ဦးသေဆုံးခဲ့ပြီး ၉၀ ရာခိုင်နှုန်းမှာ ခါတူးမ်မြစ်ဝှမ်းပြည်နယ်တွင် ဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

**Mon**





## ချီဗရွန်ကုမ္ပဏီကို ရေနံစိမ်းတင်ပို့ခွင့်မပြုတော့ရာမှ အမေရိကန်ဈေးကွက်၌ ရေနံဈေးနှုန်းများ မြင့်တက်

**ဝါရှင်တန် မေ ၂၈**

ဗင်နီဇွဲလားနိုင်ငံရှိ ပိုင်ဆိုင်မှုများအပေါ် အမေရိကန်၏ ခွင့်ပြုချက်အသစ်ဖြင့် ချီဗရွန်ကုမ္ပဏီကို ရေနံစိမ်းတင်ပို့ခွင့်မပြုတော့ရာမှ ပိုမိုတင်းကျပ်သော ထောက်ပံ့မှုအလားအလာကို မြင့်တက်စေကာ မေ ၂၈ ရက်အစောပိုင်းကုန်သွယ်မှုတွင် ရေနံဈေးနှုန်းများမြင့်တက်လာကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဘရင့်ရေနံစိမ်း၏ အနာဂတ်ဈေးသည် တစ်စည်လျှင် ၆၄ ဒသမ ၅၆ ဒေါ်လာနှင့် ၄၇ ဆင့် (သို့မဟုတ် ၀ ဒသမ ၇၃ ရာခိုင်နှုန်း) မြင့်တက်ခဲ့ပြီး အမေရိကန်အနောက်တက္ကဆက် ရေနံစိမ်းသည် ၆၁ ဒသမ ၃၈ ဒေါ်လာနှင့် ၄၉ ဆင့် (သို့မဟုတ် ၀ ဒသမ ၈ ရာခိုင်နှုန်းခန့်) မြင့်တက်ခဲ့သည်။

အမေရိကန်အကြီးစား ချီဗရွန်အား ဗင်နီဇွဲလားတွင် ပိုင်ဆိုင်မှုများကို ဆက်လက်ထားရှိခွင့်ပြုသော်လည်း ဆီတင်ပို့ခွင့် သို့မဟုတ် ၎င်း၏လုပ်ငန်းများကို ချဲ့ထွင်ခွင့်မပြုသည့် တားမြစ်ချက် အသစ်ကို ထရမ့်အုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်ခဲ့ရာမှ ရေနံဈေးနှုန်း ထိုသို့ပြောင်းလဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

STOP
AIDS

## စီးပွားဖြစ် စပေ့စ်အိတ်ခ်စ် အာကာသလွန်းပျံယာဉ်ကုမ္ပဏီ၏ နဝမမြောက် စတားရှစ် ဒုံးပျံစမ်းသပ်ပျံသန်းမှုမအောင်မြင်

**ဝါရှင်တန် မေ ၂၈**

သန်းကြွယ်သူဌေး အီလွန်မတ်စ်၏ စီးပွားဖြစ် စပေ့စ်အိတ်ခ်စ် အာကာသလွန်းပျံယာဉ်ကုမ္ပဏီသည် အမေရိကန်ပြည်ထောင်စု တက္ကဆက်မှ အာကာသထဲသို့ ဒုံးပျံလွှတ်တင်ပြီးနောက် မိနစ် ၃၀ အကြာတွင် ၎င်း၏ နဝမမြောက် စတားရှစ် ဒုံးပျံစမ်းသပ်ပျံသန်းမှု မအောင်မြင်ဘဲပျက်ကျခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ဒုံးပျံအတွင်းရှိ လောင်စာဆီယိုစိမ့်မှုကြောင့် အာကာသထဲတွင် မထိန်းချုပ်နိုင်သော လည်ပတ်မှုဖြစ်ပေါ်ကာ မကြာမီ ဒုံးပျံသည် ယမန်နေ့က မျှော်မှန်းထားသည်ထက်စောပြီး လေထုထဲသို့ ပြန်ဝင်ခဲ့သည်။

စတားရှစ်ဒုံးပျံသည် အချိန်မတိုင်မီ အစီအစဉ်မကျ ပြိုကွဲမှုကြုံတွေ့ခဲ့ရသည်ဟု စပေ့စ်အိတ်ခ်စ်ကုမ္ပဏီက လူမှုကွန်ရက်ပေါ်တွင် သတင်းထုတ်ပြန်ခဲ့ရာ အတွင်းပိုင်း ပေါက်ကွဲပျက်စီးခဲ့ခြင်းဟု ဆိုလိုခြင်းဖြစ်သည်။

အမြင့် ၄၀၃ပေ(၁၂၃ မီတာ) ရှိသော ဒုံးပျံသည် ထိန်းချုပ်မှုမှလွတ်ထွက်မသွားမီ ယခင်စမ်းသပ်လွှတ်တင်မှုများတွင် ရောက်ရှိခဲ့သည့်စံချိန်ထက် ကျော်လွန်ပျံသန်းနိုင်ခဲ့သည်။

ယခုစမ်းသပ်လွှတ်တင်မှုသည် မတ် ၆ ရက်က ဒုံးပျံလွှတ်တင်ပြီးမကြာမီ ပေါက်ကွဲပျက်စီးခဲ့သည့် ဖြစ်ရပ်အပြီးတွင် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**







## ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် မေ ၂၈**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို မေ ၂၇ ရက် နံနက် ၈ နာရီက မြို့မဈေးအတွင်း ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများက ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ် (ကြွပ်ကြွပ်အိတ်) အသုံးပြုမှုလျှော့ချရေး အသိပညာပေး ပြောကြားပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**စော်ထက်(သရက်)**

## မင်းဘူးမြို့၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး ဆောင်ရွက်

**မင်းဘူး မေ ၂၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပလတ်စတစ်ပစ္စည်းများ အလွန်အကျွံသုံးစွဲခြင်းကြောင့် ကြုံတွေ့ရမည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအန္တရာယ်များ လျော့နည်းစေရေးအတွက် ဈေးရောင်း၊ ဈေးဝယ်နှင့် ရပ်ကွက်နေပြည်သူများသိရှိစေရန် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းကို မေ ၂၆ ရက် နံနက် ၈ နာရီခွဲက မင်းဘူးမြို့၊ မြို့မဈေးကြီး၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဈေးကော်မတီဝင်များ ပူးပေါင်းပါဝင်ပြီး မင်းဘူးမြို့၊ မြို့မဈေးကြီးနှင့် ပုံကျဈေးအတွင်း၊ အပြင်ရှိ ဈေးရောင်း၊ ဈေးဝယ်များနှင့်တွေ့ဆုံကာ ဈေးရောင်းချရာတွင် သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးဖြစ်စေသည့် ပလတ်စတစ်ပစ္စည်းများ သုံးစွဲခြင်းမပြုရန်နှင့် ပလတ်စတစ်အစားထိုးပစ္စည်းများဖြစ်သည့် ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူတို့ဖြင့်သာ ထုပ်ပိုးရောင်းချသွားကြရန်၊ ပြည်သူများ အစားအစာ ဘေးကင်းလုံခြုံရေးအတွက် သန့်ရှင်းလတ်ဆတ်သော အသား၊ ငါး၊ အသီးအရွက်နှင့် စားကုန်ပစ္စည်းများကို စနစ်တကျရောင်းချကြရန်နှင့် ဈေးဆိုင်ခန်းများဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး အလေးထားဆောင်ရွက်ရန်တို့ကို အသိပညာပေးရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က ဈေးရောင်း၊ ဈေးဝယ်ပြည်သူများကို သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးပြီး ပလတ်စတစ်ပစ္စည်းများ လျှော့ချနိုင်ရေးအတွက် ပလတ်စတစ်ပစ္စည်းအစားထိုးအသုံးပြုနိုင်ရန် ငှက်ပျောဖက်၊ အင်ဖက်၊ ကြာဖက်၊ စက္ကူတို့ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြပြီး ဈေးဝန်းကျင်သန့်ရှင်းရေး၊ ဈေးအတွင်းရှိ အများသုံးသန့်စင်ခန်းများ သန့်ရှင်းသပ်ရပ်စေရေးနှင့် ရေလုံလောက်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (၅၀၄)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၈**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မေ ၂၃ ရက်တွင် မကွေးမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် နှစ်စီးကိုလည်းကောင်း၊ မေ ၂၆ ရက်တွင် အောင်လံမြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၂၆ ရက်တွင် ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မိုးညှင်းမြို့နယ်၊ နန့်ပုတ်ကျေးရွာအနီးတွင် လိုင်စင်မဲ့မော်တော်ယာဉ်လေးစီးကို ပို့ကုန်၊ သွင်းကုန်ဥပဒေအရလည်းကောင်း၊ တရားမဝင် စက်သုံးဆီ၊ ဒီဇယ်ဆီ ၁၃ ပီပါကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ ဇာသပြင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ သာမညမှ မော်လမြိုင်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hilux တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးကို ပို့ကုန်၊ သွင်းကုန်ဥပဒေအရလည်းကောင်း၊ တရားမဝင် စက်သုံးဆီ၊ ဒီဇယ်ဆီ ၆၃ ပီပါကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ်၊ ရတနာပုံတံတား(နှာပေါက်)ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်စက်သုံးဆီ၊ ဒီဇယ်ဆီ ၉၆ ပီပါ၊ ဓာတ်ဆီ ၂၃ပီပါကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း ပလိပ်မြို့အနီး၌ မော်တော်ယာဉ် သုံးစီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီး၊ Yutong Bus တစ်စီးကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရ ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာ ဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **(ယာပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## မော်တော်ယာဉ်ဘရိတ်ပေါက်ပြီး တိမ်းမှောက်မှုဖြစ်ပွား

**ဇမ္ဗူသီရိ မေ ၂၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ မြို့မဈေးအနီး ဓမ္မာရုံလမ်းတွင် မေ ၂၅ ရက် နံနက် ၉ နာရီက ယာဉ်မတော်တဆမှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်းသည် မော်တော်ယာဉ်အား ဓမ္မာရုံလမ်းအတိုင်း မောင်းနှင်လာစဉ် ဘရိတ်ပေါက်ပြီး လမ်းဘေးတွင် တိမ်းမှောက်မှု ဖြစ်ပွားသဖြင့် ပညာသိဒ္ဓိနယ်မြေမီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ကူညီဆောင်ရွက်ခဲ့ကြပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၀၅၇)**



# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ခုနစ်ဦးကို မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၂၈

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ ရွှေကုက္ကိုလ်-မွဲ့ထော်သလေး (KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ကင်ညာနိုင်ငံသား လေးဦး၊ ဘူရွန်ဒီ နိုင်ငံသား သုံးဦး၊ စုစုပေါင်း ခုနစ်ဦးတို့အား မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



**ကြည့်ရှုစစ်ဆေး**

ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကင်ညာသံအမတ်ကြီးနိုင်ငံသံရုံးမှ Ambassador Mr. Lindsay Kiptiness 'ndc' (K) နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ မေ ၂၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၀၂ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၆၉၉ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၄၀၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသည့် နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## လျှင်ဘေးသင့်ပြည်သူများအား သုံးကြိမ်မြောက်ဝမ်းပျက်ဝမ်းလျှော ကာကွယ်ဆေး(OCV ဆေး)တိုက်ကျွေး

**မန္တလေး မေ ၂၈**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများ နေထိုင်လျက်ရှိသော ဗထူးမိုးလုံ လေလုံအားကစားကွင်းရှိ ယာယီကယ်ဆယ်ရေးစခန်းနှင့်အမှတ်(၅)ဘောလုံးကွင်းရှိ ယာယီကယ်ဆယ်ရေးစခန်းများ၌ ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ထမ်းများက ငလျင်ဘေးသင့်ပြည်သူများကို ဝမ်းပျက်ဝမ်းလျှောကာကွယ်ရန်အတွက် OCV ဆေးတိုက်ကျွေးခဲ့ကြောင်း ချမ်းအေးသာစံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရန်အတွက် ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ယာယီကယ်ဆယ်ရေးစခန်းများမှာ နေထိုင်ကြသော ငလျင်ဘေးသင့်ပြည်သူများအား ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး (OCVဆေး)ကို သတ်မှတ်ရက်အလိုက်တိုက်ကျွေးခဲ့ပြီး ယခုအကြိမ်သည် တတိယအကြိမ်မြောက် တိုက်ကျွေးခြင်းဖြစ်သည်။

မန္တလေးမြို့နယ် ခြောက်မြို့နယ်အတွင်းရှိ ငလျင်ဘေးသင့် ယာယီကယ်ဆယ်ရေးစခန်းများမှာ နေထိုင်လျက်ရှိသော ပြည်သူများကို မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက ရေမှတစ်ဆင့်ကူးစက် ရောဂါမဖြစ်ပွားစေရန်အတွက် ရေသန့်ဆေးပြားများခတ်ခြင်း၊ သုံးရေကလိုရင်းဆေးခတ်ခြင်း၊ အိမ်သာများ ကလိုရင်းဆေး ဖျန်းခြင်း၊ ကြွက်နှင့်ပိုးမွှားများ နှိမ်နင်းခြင်းလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိပြီး၊ မေးခိုင်နှင့် ဆုံဆို့နာကာကွယ်ဆေးထိုးနှံပေးခြင်း၊ OCV ဆေးတိုက်ကျွေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများကို သတ်မှတ်ရက်အတိုင်း လုပ်ဆောင်လျက်ရှိသည်ဟု သိရသည်။ **(မန္တလေးနေ့စဉ်-၅)**

## မဟာအောင်မြေမြို့နယ် ငလျင်ဘေးဒဏ်ကြောင့် ယိုင်နဲ့နေသည့် အဆောက်အအုံပြိုကျမှု ဖြစ်ပွား

**မန္တလေး မေ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေ အနောက်ရပ်ကွက်၊ အကွက်(၅၂၃)၊ ၈၄ လမ်း၊ ၃၉ လမ်းနှင့် လမ်း ၄၀ ကြားတွင် ယနေ့နံနက် ၁၀ နာရီခွဲခန့်က RC လေးထပ်တိုက်ပြိုကျမှုဖြစ်ပွားကြောင်း သိရသည်။



မဟာအောင်မြေမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စည်သူကျော်၊ အမှတ်(၇)နယ်မြေရဲစခန်းမှူး ရဲအုပ် လွန်းအောင်ဆန်း ဦးစီး ၆ ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးညွန့်ဝင်းအောင် ဦးစီးသနွေ ၁၅ ဦး၊ အရန် ၂၀ ဦး၊ မီးသတ်ယာဉ် ၂ စီး၊ မဟာအောင်မြေ အနောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်တို့သည် ပြိုကျမှုဖြစ်ပွားသည့် နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ ၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးထားသဖြင့် လူနေထိုင်ခြင်းမရှိသော RC လေးထပ်အဆောက်အအုံသည် ယနေ့နံနက် ၁၀ နာရီ ၂၉ မိနစ်ခန့်က ငလျင်အနည်းငယ်လှုပ်ခတ်ခဲ့၍ ပြိုကျသွားခဲ့ကြောင်းနှင့် လူထိခိုက်မှု၊ လမ်းပိတ်ဆို့မှုမရှိကြောင်း သိရသည်။

အဆိုပါအဆောက်အအုံမှာ RC လေးထပ်အဆောက်အအုံဖြစ်ပြီး မြေကွက်အကျယ် ပေ ၄၀နှင့် ပေ ၆၀ ပေါ်တွင် ၁၅ ပေနှင့် ပေ ၆၀ အကျယ်ရှိ အခန်း ၈ ခန်းဖြင့် တည်ဆောက်ထားကာ ချမ်းအေးသာစံမြို့နယ်၊ မဟာပိန္နဲဘုရားကျောင်းပိုင်အဆောက်အအုံဖြစ်ကြောင်းနှင့် လွန်ခဲ့သော နှစ် ၂၀ ကျော်ခန့်က ဆောက်လုပ်ထားခြင်းဖြစ်ကြောင်းနှင့် ယင်းအဆောက်အအုံမှာ ၂၈-၃-၂၀၂၅ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးမြေငလျင်ဒဏ်ကြောင့် ယိုင်နဲ့အက်ကွဲခဲ့သဖြင့် လူနေထိုင်ခြင်းမရှိဘဲ ယနေ့နံနက် ၁၀ နာရီ ၂၉ မိနစ်ခန့်က အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ယခုကဲ့သို့ ရုတ်တရက်ပြိုကျခဲ့ခြင်းဖြစ်ပြီး လူ၊ တိရစ္ဆာန်၊ ယာဉ်ထိခိုက်မှုမရှိကြောင်း သိရသည်။ **(ဝ၅၆)**

## မန္တလေးမြို့၊ Cowboy bar မီးလောင်မှုဖြစ်ပွားခဲ့ရာ ဝန်ထမ်းအမျိုးသမီး လေးဦး သေဆုံး

**မန္တလေး မေ ၂၈**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စနမဟီရပ်ကွက် (၇၇ လမ်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြား)၊ Cowboy live music bar တွင် ယနေ့နံနက် ၉ နာရီ မိနစ် ၄၀ ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ဝန်ထမ်းအမျိုးသမီးလေဦးသေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ Bar တွင် ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများကို အကြီးစားပြင်ဆင်နေစဉ် အဆောက်အအုံသံတိုင်များ ဂဟေဆော်ရာ၌ ဂဟေပုံးနှင့်ဆက်သွယ်သော ပလပ်ခုံ ဝါယာလျှော့ဖြစ်ရာမှ အနီးရှိ အသံလုံဖော့ပြားများ၊ ထိုင်ခုံဆိုဖာများသို့ မီးကူးစက်လောင်ကျွမ်းခဲ့သည်ဟု မီးသတ်တပ်ဖွဲ့မှ သိရသည်။



မီးလောင်မှုဖြစ်စဉ်တွင် ဆိုင်ဝန်ထမ်းအမျိုးသမီးလေးဦး အသက်ဆုံးရှုံးခဲ့ပြီး ဆိုင်အတွင်းပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်ရာသို့ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်းဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်စုစုပေါင်း ၁၀ စီး၊ ရေသယ်ယာဉ်ပေါင်း ၃ စီးနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်ပေါင်း ၇၀ ဦးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီတွင် မီးထိန်းနိုင်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်-၉)**

**ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။**




## နည်းပြ ကွန်တီအသင်းမှ ထွက်ခွာမည်ဟု နာပိုလီအသင်း ဥက္ကဋ္ဌ အတည်ပြု

**တူရင် မေ ၂၈**

နည်းပြ ကွန်တီအသင်းမှ ထွက်ခွာသွားမည်ဖြစ်ကြောင်း နာပိုလီအသင်း ဥက္ကဋ္ဌဖြစ်သူ ဒီလော်ရန်းတစ်က အတည်ပြုပြောကြားခဲ့သည်။

နည်းပြ ကွန်တီသည် ယခုနှစ်ဘောလုံးရာသီတွင် နာပိုလီအသင်းအား စီးရီးအေ ချန်ပီယံဆု ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

အသက် ၅၅ နှစ်အရွယ်ရှိ နည်းပြ ကွန်တီသည် နာပိုလီအသင်းမှ ထွက်ခွာပြီး ဂျူဗင်တပ်အသင်းအား ပြောင်းလဲကိုင်တွယ်သွားမည်ဟုလည်း သတင်းများက ဖော်ပြခဲ့သည်။

နာပိုလီအသင်း ဥက္ကဋ္ဌဖြစ်သူ ဒီလော်ရန်းတစ်က "ကွန်တီအသင်းမှ ထွက်ခွာသွားမှာပါ။ အသင်းကို စီးရီးအေ ချန်ပီယံဆု ရယူပေးနိုင်ခဲ့သည့်အတွက်လည်း ကျေးဇူးတင်ပါတယ်။ သူ့အနေနဲ့လည်း အနာဂတ်မှာ အောင်မြင်မှုများရရှိပါစေလို့လည်း တောင်းဆုပြုပါတယ်"ဟု ပြောသည်။

(အောက်ပုံ)(NGB)





## 2025 Roland Garros တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ Casper Ruud တက်ရောက်

**ပဲရစ် မေ ၂၈**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Roland Garros တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ နော်ဝေတင်းနစ်ကစားသမား Casper Ruud တက်ရောက်ခဲ့သည်။

အဆိုပါ နော်ဝေတင်းနစ်ကစားသမား Casper Ruud သည် 2025 Roland Garros တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် စပိန်တင်းနစ်ကစားသမား Albert Ramos-Vinolas အား ၆-၃၊ ၆-၄၊ ၆-၂ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Roland Garros တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် နော်ဝေတင်းနစ်ကစားသမား Casper Ruud နှင့် ပေါ်တူဂီတင်းနစ်ကစားသမား Nuno borgesတို့ ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

(အပေါ်ပုံ)(NGB)

## လီဝန်ဒေါ်စကီး ဘာစီလိုနာအသင်းကစားသမားဘဝ ပြိုင်ပွဲစုံ သွင်းဂိုး ၁၀၀ပြည့်မြောက်

**ဘာစီလိုနာ မေ ၂၈**

ဘာစီလိုနာအသင်း တိုက်စစ်မှူး လီဝန်ဒေါ်စကီး အသင်းကစားသမားဘဝ ပြိုင်ပွဲစုံ သွင်းဂိုး ၁၀၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၇ ပွဲကစားပြီး သွင်းဂိုးပေါင်း ၁၀၀ ထိ သွင်းယူနိုင်ခဲ့သလို တစ်ဦးချင်း ဆုတံဆိပ်ပေါင်းများစွာလည်း ရယူနိုင်ခဲ့သည်။

အသက် ၃၆ နှစ်အရွယ်ရှိ လီဝန်ဒေါ်စကီးက "ကျွန်တော် အခုလို သွင်းဂိုး ၁၀၀ပြည့်မြောက်သည့် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ ယခုနှစ်ဘောလုံးရာသီမှာ စပိန်လာလီဂါ ချန်ပီယံဆုကြီး ရယူနိုင်ခဲ့လို့လည်း ပိုမိုဂုဏ်ယူမိပါတယ်။ နောက်ထပ်လည်း အောင်မြင်မှုများစွာ ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်းဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။ (အောက်ပုံ) (NGB)



## ဥရောပရွှေဖိနပ်ဆုအား ဘာပေဆွတ်ခူး

**မက်ဒရစ် မေ ၂၈**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ဥရောပရွှေဖိနပ်ဆုအား ရီးရဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး ဘာပေက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ယခုနှစ်ဘောလုံးရာသီတွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၅၆ ပွဲကစားပြီး ၄၃ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဘာပေသည် အသင်းကစားသမားဘဝတွင် ယခုဆုအား ပထမဆုံးအကြိမ် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဘာပေက "ကျွန်တော် အခုလို ဥရောပရွှေဖိနပ်ဆုရရှိလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော် အခုလို ဆုရရှိတာကလည်း အသင်းဖော်တွေရဲ့ ပံ့ပိုးမှုကြောင့်ပါ။ နောက်ထပ်လည်း ယခုလို ဆုတွေထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (အောက်ပုံ) (NGB)



## နည်းပြ အင်ဇာဂီအား နည်းပြအသစ်အဖြစ်ခန့်အပ်ရန် အယ်လ်ဟီလယ်အသင်း ဆွေးနွေး

**လန်ဒန် မေ ၂၈**

ဆော်ဒီပရီလိဂ်ကလပ် အယ်လ်ဟီလယ်အသင်းသည် အသင်းနည်းပြအသစ်အဖြစ် အင်တာမီလန်အသင်းနည်းပြ အင်ဇာဂီအားခန့်အပ်ရန် ဆွေးနွေးလျက်ရှိသည်။

အဆိုပါ နည်းပြသည် အယ်လ်ဟီလယ်အသင်းနည်းပြဖြစ်လာပါက တစ်နှစ်လုပ်ခလစာငွေ ယူရို ၂၅သန်းထိ ရရှိသွားမည်ဖြစ်သည်။

နည်းပြ အင်ဇာဂီကလည်း လက်ရှိအချိန်တွင် အင်တာမီလန်အသင်းအား ကိုင်တွယ်လျက်ရှိ ပြီး ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်ပြီးဆုံးမှသာ ယခုဆွေးနွေးမှုအား အပြီးသတ်သွားမည်ဟုလည်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် အယ်လ်ဟီလယ်အသင်းအနေဖြင့် နည်းပြအသစ်အဖြစ် နည်းပြအင်ဇာဂီအား ခန့်အပ်သွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အောက်ပုံ)(NGB)



## ဂျာအိုပီဒရိုအား ခေါ်ယူရန် နယူးကာဆယ်အသင်းဆွေးနွေး



**လန်ဒန် မေ ၂၈**

နယူးကာဆယ်အသင်းသည် ဘရိုက်တန်အသင်း တိုက်စစ်မှူး ဂျာအိုပီဒရိုအား ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

အသက် ၂၃ နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဘရိုက်တန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၇၀ကစားပြီး ဂိုး ၃၀ သွင်းယူနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်းဖြစ်သည်။

ဂျာအိုပီဒရိုကိုယ်တိုင်ကလည်း လာမည့် ဘောလုံးရာသီ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိသည့် နယူးကာဆယ်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် နယူးကာဆယ်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ဂျာအိုပီဒရိုအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

နယူးကာဆယ်အသင်းသည် နွေရာသီဈေးကွက်အတွင်းတွင် ကစားသမားခေါ်ယူမှုအတွက် စတာလင်ပေါင် သန်း ၂၅၀ထိ အသုံးပြုသွားမည်ဖြစ်သည်။

(အပေါ်ဝဲပုံ)(NGB)

## လီကန်အင် အား သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက ပီအက်စ်ဂျီအသင်း ရောင်းချသွားမည်



**ပါရီ မေ ၂၈**

ပီအက်စ်ဂျီအသင်းသည် အသင်းနှင့် စာချုပ်သက်တမ်းတိုးကိစ္စ အဆင်မပြေခဲ့သည့် ကွင်းလယ်ကစားသမား လီကန်အင်အား သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက ရောင်းချသွားတော့မည်ဖြစ်သည်။

အသက် ၂၄ နှစ်အရွယ်ရှိ လီကန်အင်အား လက်ရှိအချိန်တွင် နာပိုလီအသင်းအပြင်၊ စပိန်ကလပ်အသင်းများ၊ ဆော်ဒီကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား လီကန်အင်သည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၁ ပွဲ ကစားပြီး ၁၁ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် ပီအက်စ်ဂျီအသင်းမှ ထွက်ခွာမည့် ကွင်းလယ်ကစားသမား လီကန်အင်အား လာမည့် ဘောလုံးရာသီသစ်တွင် မည်သည့်အသင်းကစားသမားသစ်အဖြစ် မြင်တွေ့သွားရမည်လည်းဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ဝဲပုံ)(NGB)

## စီရော်နယ်လ်ဒို အယ်နာဆာအသင်းမှ ထွက်ခွာသွားဖွယ်ရှိ



**လန်ဒန် မေ ၂၈**

အယ်လ်နာဆာအသင်းတိုက်စစ်မှူး စီရော်နယ်လ်ဒိုက အသင်းမှ ထွက်ခွာသွားဖွယ်ရှိကြောင်း လူမှုကွန်ရက်စာမျက်နှာ X တွင် အရိပ်အမြွက်ရေးသားခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် အသက်အရွယ်ပိုင်းအားဖြင့် ရရှိပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းကျဆင်းခြင်းမရှိသေးသောကြောင့် ၄င်းအား ခေါ်ယူရန် ကလပ်အသင်းများစွာက စိတ်ဝင်စားလျက်ရှိနေဆဲဖြစ်သည်။

တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် အယ်လ်နာဆာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၁ ပွဲကစားပြီး ၉၉ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက် ၄၀နှစ်အရွယ်ရှိ စီရော်နယ်လ်ဒိုက "ဒီအခန်းကပြီးသွားပါပြီ။ ဇာတ်လမ်းကတော့ဆက်ပြီး ရေးနေဆဲပါ။ အားလုံးကို ကျေးဇူးတင်ပါတယ်"ဟု လူမှုကွန်ရက်စာမျက်နှာ X တွင် ရေးသားဖော်ပြခဲ့သည်။

တိုက်စစ်မှူး စီရော်နယ်လ်ဒို၏ ယခုလို ရေးသားမှုကြောင့် အယ်လ်နာဆာအသင်းမှ ထွက်ခွာတော့မည်ဆိုသော သတင်းများသည် ပို၍ ကျယ်ပြန့်စွာ ထွက်ပေါ်လာခြင်းဖြစ်သည်။

(ဝဲပုံ)
(NGB)

# လျှော်ဘေးသင့်ပြည်သူများအား အလှူရှင်များက အလှူငွေများ စဉ်ဆက်မပြတ်လှူဒါန်းလျက်ရှိ



**မန္တလေး မေ ၂၈**

မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် သဘာဝဘေးအန္တရာယ်(ငလျင်)ဘေးဒဏ်ခံရသော ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်တွင်း၊ ပြည်ပမှ အလှူရှင်များက အလှူငွေများအပြင် ထောက်ပံ့ရေးပစ္စည်းများဖြင့် စဉ်ဆက်မပြတ် လှူဒါန်းလျက်ရှိရာ ငလျင်ဘေးသင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများအား လိုအပ်သည့် စားသုံးကုန်ပစ္စည်းများ ဝယ်ယူထောက်ပံ့ပေးနိုင်ရန်အတွက် အလှူရှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာ-ကျန်ရှီး ကုန်သည်အသင်းချုပ်မှ အလှူငွေကျပ်သိန်းနှစ်ရာတိတိကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး ရှစ်ထပ်ဆောင်ခန်းမတွင် လာရောက်ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းနှင့် မြို့တော်စည်ပင်အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းတို့က လက်ခံရယူကာ ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀



# ကျောက်ဆည်မြို့နယ် စိုင်မလန်းကျေးရွာတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း၊ လမ်းတိုင်းတာခြင်းများ ပြုလုပ်

**ကျောက်ဆည် မေ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP) စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း၊ လမ်းတိုင်းတာခြင်းလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းက ရဲမအူကျေးရွာအုပ်စု၊ ဆားတောင်ငယ်ကျေးရွာနှင့် စိုင်မလန်းကျေးရွာအုပ်စု၊ စိုင်မလန်းကျေးရွာတွင် ပြုလုပ်သည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာတွင်းလမ်းများ အဆင့်မြှင့်တင်သည့်အနေဖြင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ ပူးပေါင်းပါဝင်တတ်စေပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်အတွက် လမ်းဖြစ်မြောက်ရေးကော်မတီအား ကျေးရွာပြည်သူများဖြင့် ဖွဲ့စည်း၍ ပြည်သူများ၏ လုပ်အားများ ထည့်ဝင်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လမ်းအရှည်အသွေးကောင်းမွန်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာများ ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းပြီးပါက ကျေးရွာပြည်သူများအနေဖြင့် တစ်အိမ်နှင့် တစ်အိမ်လူမှုစီးပွားရေးလုပ်ငန်းများ ကူးလူးဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့ခြင်း၊ ရပ်ရွာသာရေးနာရေးနှင့် အလှူတန်းကိစ္စရပ်များနှင့် အခြားလုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ရာတွင် များစွာ အဆင်ပြေသွားမည်ဖြစ်ကြောင်းနှင့် ကျေးရွာသည်လည်း သန့်ရှင်းသာယာပြီး ပြည်သူများ၏ လူမှုဘဝများ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း သိရသည်။

(၄၈၅)

# ဝန်ထမ်းများ၏ သား၊ သမီးများအား ပညာသင်ထောက်ပံ့ငွေများနှင့် ဗလာစာအုပ်များ ပေးအပ်

**တံတားဦး မေ ၂၈**

တံတားဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အခြေခံပညာနှင့် တက္ကသိုလ်၊ ကောလိပ်များတွင် ပညာသင်ကြားမည့် ဝန်ထမ်းများ သား၊ သမီးများအား ပညာသင်ထောက်ပံ့ငွေများနှင့် ဗလာစာအုပ်များပေးအပ်ပွဲကို မေ ၂၆ ရက် မွန်းလွဲ ၁ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ပညာသင်ထောက်ပံ့ပေးအပ်ပွဲတွင် တံတားဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းက အထက်တန်း၊ အလယ်တန်း၊ မူလတန်းနှင့် တက္ကသိုလ်၊ကောလိပ်အသီးသီးတို့၌ ပညာသင်ကြားကြမည့် ဝန်ထမ်းမိသားစုများ၏ သား၊ သမီးများအား ပညာသင်ထောက်ပံ့ငွေများနှင့် ဗလာစာအုပ်များ၊ စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ရခြင်းသည် တစ်ဖက်တစ်လမ်းမှ ပညာကို ချီးမြှောက်ခြင်းဖြစ်ကြောင်း၊ ဒါ့အပြင် အနာဂတ်၏ ကြယ်ပွင့်ကလေးများဖြစ်သည့် သား၊သမီးများအနေဖြင့် ပညာကို ဂရုတစိုက် လေ့လာသင်ပေးစေလိုကြောင်း စသည်တို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဝန်ထမ်းမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေများနှင့် ဗလာစာအုပ်များ၊ စာရေးကိရိယာများကို အသီးသီးပေးအပ်ကြသည်။ တံတားဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တက္ကသိုလ်တွင် ပညာသင်ကြားနိုင်ရန်အတွက် ကျောင်းသား၊ ကျောင်းသူလေးဦးအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်း၊ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူနှစ်ဦးအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၆၀၀၀၀၊ ဗလာစာအုပ်နှစ်ဒါဇင်၊ ဘောလ်ပင်ခြောက်ချောင်း၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူနှစ်ဦးအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၅၀၀၀၀၊ ဗလာစာအုပ် တစ်ဒါဇင်နှင့် ခြောက်အုပ်၊ ဘောလ်ပင်သုံးချောင်း၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူရှစ်ဦးအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၃၀၀၀၀၊ဗလာစာအုပ်တစ်ဒါဇင်နှင့် ခဲတံသုံးချောင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများ၏ အခြေခံပညာနှင့်တက္ကသိုလ်၊ ကောလိပ်များတွင် ပညာသင်ကြားမည့် မိသားစုဝင် သား၊သမီး စုစုပေါင်း ၁၈ ဦးအတွက် ပစ္စည်းတန်ဖိုးနှင့် ထောက်ပံ့ငွေစုစုပေါင်း ငွေကျပ် ၁၂၆၄၈၀၀ ဖြစ်ကြောင်း သိရသည်။

(အောက်ဝဲပုံ)

(၄၀၉)



# သမဝါယမအသင်းသား တောင်သူများအား အထွက်တိုးမျိုးစပါးများ ဖြန့်ဖြူးပေးအပ်

**ပုဗ္ဗသီရိ မေ ၂၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပုဗ္ဗသီရိမြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့ ပူးပေါင်း၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံကိန်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ(သက်တန့်ရောင် သမဝါယမဖွံ့ဖြိုးမှုစီမံကိန်းတို့မှ မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသားတောင်သူများအား အထွက်တိုး အောင်နိုင်တိုးမျိုးစပါးများကို တောင်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးအပ်ခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

အဆိုပါ မိုးစပါးစိုက်သမဝါယမအသင်းသား တောင်သူများအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံကိန်းကဏ္ဍမှ သမဝါယမအသင်းရှစ်သင်းမှ အသင်းသားတောင်သူ ၇၄ဦး၏ ၁၇၄ ဧကအတွက် အထွက်တိုး အောင်နိုင်တိုးမျိုး ၂၂၀အိတ်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ(သက်တန့်ရောင် သမဝါယမဖွံ့ဖြိုးမှု) စီမံကိန်းကဏ္ဍမှ သမဝါယမအသင်း ကိုးသင်းမှ အသင်းသားတောင်သူ ၁၃၀ ဦး၏ ၂၆၉ ဧကအတွက် အထွက်တိုး အောင်နိုင်တိုးမျိုး ၃၅၂ အိတ် စုစုပေါင်း ၅၇၂ အိတ်အား တာဝန်ရှိသူများက အသင်းသားတောင်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

**စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကိုစောင့်ရှောက်စို့။**

# ၂၀၂၅ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီး ဘော်လီဘောအသင်းအား တွေ့ဆုံမှာကြား



**မန္တလေး မေ ၂၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးမှ ၂၀၂၅ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီးအသင်းအား တွေ့ဆုံပွဲအခမ်းအနားကို မေ ၂၇ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်-တောင်ကြီးမြို့တွင် ကျင်းပမည့် ၂၀၂၅ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မန္တလေးတိုင်းဒေသကြီးမှ အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားမောင်မယ်များက တစ်ဦးချင်း မိတ်ဆက်ပေးကြပြီး အသင်းအုပ်ချုပ်သူလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးနိုင်က ရွေးချယ်ထားသည့် တိုင်းဒေသကြီးလက်ရွေးစင်အားကစားသမားများ၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အဓိက ပံ့ပိုးကူညီမှုဖြင့် စခန်းသွင်းလေ့ကျင့်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးအောင်ကျော်မိုးက အမှာစကားပြောကြား၍ အသင်းအောင်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၁၆ သိန်းကို ပေးအပ်ချီးမြှင့်ပြီး အလှူရှင် ဦးရန်မျိုးဝင်းနှင့် အလှူရှင် မန်းအောင်ဆွေလင်း၊ ဘော်လီဘောကလပ်အသင်း ဥက္ကဋ္ဌ ဦးဇော်ဦးတို့က ပံ့ပိုးငွေကျပ်သိန်း ၃၀ စီတို့ကို ထောက်ပံ့ပေးအပ်ရာ အသင်းအုပ်ချုပ်သူ-နည်းပြများက လက်ခံ၍ အုပ်ချုပ်သူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်းနှင့် ပြိုင်ပွဲဝင်အသင်းအား တိုင်းဒေသကြီးမှ ဂုဏ်ပြုလက်ဖက်ရည်၊ မုန့်တို့ဖြင့် ဧည့်ခံကျွေးမွေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌဦးထွန်းလင်း(လက်ရွေးစင်ဟောင်း)အတွင်းရေးမှူး ဦးမြင့်ဆွေတို့ကလည်း ပြိုင်ပွဲဝင်များအနေဖြင့် ရှမ်းပြည်နယ်(တောင်ကြီးမြို့)တွင် ကျင်းပမည့် ပြည်နယ်နှင့် တိုင်းဒေသကြီးဘော်လီဘောပြိုင်ပွဲစည်းကမ်းဥပဒေများအတိုင်း တိကျစွာလိုက်နာ၍ အားကစားစိတ်ဓာတ်အပြည့်ဖြင့် စည်းစည်းလုံးလုံး ပူးပေါင်းကာ ထပ်ဆင့်အောင်ပွဲခံယူယှဉ်ပြိုင်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ဝ၄ဝ)**



# Bakery & Snack အမျိုးမျိုးထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**မကွေး မေ ၂၈**

မကွေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ကျင်းပသည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၄)ဖြင့် " Bakery & Snack " အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်ပွဲ အခမ်းအနားကို မေ ၂၇ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အသေးစားစက်မှု လက်မှုလုပ်ငန်းညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးနှင့် တာဝန်ရှိသူများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနအနေနဲ့ ဌာနရဲ့မျှော်မှန်းချက်နဲ့အညီ လုပ်ငန်းတာဝန်များ ဆောင်ရွက်သည့်နေရာမှာ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်ဝင်ငွေရရှိစေမယ့် အသက်မွေးဝမ်းကျောင်းပညာများကို အခါအားလျော်စွာသင်ကြား ပေးလျက်ရှိပါကြောင်း၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ပေါ်ထွက်လာစေရေး၊ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်း ကာလတိုသင်တန်းများကို တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခု Bakery & Snack အမျိုးမျိုးထုတ်လုပ်မှု နည်းပညာသင်တန်းသည် လူငယ်၊ လူရွယ်များ ပညာတတ်မြောက်ပြီး ဝင်ငွေရရှိသော လုပ်ငန်းထူထောင်နိုင်စေရန်၊ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန်၊ ပြည်တွင်းဖြစ် နိုင်ငံခြားစံချိန်မီအရည်အသွေးကောင်းမွန်သော စားသောက်ကုန်လုပ်ငန်းများ ပေါ်ထွက်လာစေရန်၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရပြည့်ဝသော စားသောက်ကုန်များကို သန့်ရှင်းသပ်ရပ်စွာ ထုတ်လုပ်တတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းသုံးပစ္စည်းများအား လိုက်လံကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။ အဆိုပါသင်တန်းအား မေ ၂၇ ရက်မှ ဇွန် ၂ရက်အထိ ၇ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး ၄င်းသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၅ ဦး တက်ရောက်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**မောင်နိုင်မင်း(ပြန်/ဆက်)**

# ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

**ဥတ္တရသီရိ မေ ၂၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက် နံနက် ၈ နာရီက အမှတ် (၁၂) အခြေခံပညာအထက်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ကျောင်းအပ်ကြစို့" သီချင်းဖြင့်သီဆိုဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ဥတ္တရခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်အောင်ဌေးက အမှာစကားပြောကြားပြီး ဥတ္တရခရိုင်ပညာရေးမှူး ဒေါက်တာမာမာဇင်က ကျောင်းအပ်နှံရေးဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ လိုအပ်သည်များ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံတော်မှ (အခမဲ့) ဖြန့်ဝေသော ပုံနှိပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောလ်ပင်များနှင့် ကျောင်းဝတ်စုံများကို ဥတ္တရခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းတို့က ပေးအပ်ရာ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးများက လက်ခံရယူခဲ့ပြီး အမှတ် (၁၂) အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား၊ ကျောင်းသူများက "ဇာတိမာန်" သီချင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဥတ္တရသီရိမြို့နယ်အနေဖြင့် အခြေခံပညာကျောင်းပေါင်း ၄၉ ကျောင်းအပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း နှစ်ကျောင်းနှင့် ကိုယ်ပိုင်ကျောင်း လေးကျောင်းရှိပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူ တစ်သောင်းခွဲကျော်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **အောင်ကို(ပြန်/ဆက်)**





# မွေးကင်းစမှ အသက်ငါးနှစ်အောက် မိခင်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရပစ္စည်းနှင့် ဆေးဝါးများ ပေးအပ်

**သရက် မေ ၂၈**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မွေးကင်းစမှ အသက်ငါးနှစ်အောက်ကလေး မိခင်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရကြက်ဥနှင့် ငှက်ပျောသီးများ၊ အားဆေးများ ပေးအပ်ခြင်းကို မေ ၂၆ ရက် နံနက် ၉နာရီက မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် ခရိုင်ဆရာဝန်ကြီး ကြီးကြပ်ဆောင်ရွက်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ ကိုယ်အလေးချိန်တိုင်းတာခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မွေးကင်းစမှ အသက်ငါးနှစ်အောက် မိခင်များနှင့် ကိုယ်ဝန်ဆောင်များအား ကြက်ဥ၊ ငှက်ပျောသီးများနှင့် အားဆေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

တံတားနှင့်လမ်း၊ ဆေးခန်းနှင့် ကျောင်း၊ ဆည်မြောင်းနှင့် ကန် သစ်ပင်ရံမှ သဏ္ဌာန်လှပ ပန်ရလိမ့်။



## စင်ကာပူနိုင်ငံကြက်ခြေနီအသင်းက လှူဒါန်းသော Water Filter များ ယာယီလျှင်ဘေးရှောင်စခန်းများသို့ ဖြန့်ဝေ

**မန္တလေး မေ ၂၈**

မြန်မာနိုင်ငံကြက်ခြေနီအသင်းက မန္တလေးတိုင်းဒေသကြီး၊အမရပူရမြို့နယ်ရှိ သာလေစွကျေးရွာနှင့် ဆင်ကာကျေးရွာများရှိ ယာယီငလျင်ဘေးရှောင်စခန်းများတွင် မေ ၂၆ ရက် နံနက်ပိုင်းက စင်ကာပူနိုင်ငံ ကြက်ခြေနီအသင်းက ပေးပို့လှူဒါန်းထားသော Water Filter များကို အမရပူရမြို့နယ် ကြက်ခြေနီစေတနာလုပ်အားရှင်များက ကျေးရွာများသို့ သွားရောက်ဖြန့်ဝေခဲ့သည်။

အမရပူရမြို့နယ် ကြက်ခြေနီ စေတနာလုပ်အားရှင်များသည် Water Filter များ အသုံးပြုရန် နည်းလမ်းများနှင့် ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး သိကောင်းစရာများ၊ လက်ဆေးနည်း လက်တွေ့သရုပ်ပြခြင်းတို့ကို အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

(၀၄၅)

## ပျော်ကုန်းကျေးရွာနှင့် ညောင်ပင်သာကျေးရွာတို့တွင် VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ဆောင်ရွက်

**မိတ္ထီလာ မေ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပျော်ကုန်းကျေးရွာနှင့်ညောင်ပင်သာကျေးရွာတို့တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းခြင်းကို မေ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာများ၌ ကျင်းပသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များ ရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်ခုနစ်ဦးအား မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။



အဆိုပါ ပျော်ကုန်းကျေးရွာနှင့် ညောင်ပင်သာကျေးရွာများ၌ ယခု၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ရန်ပုံငွေ တစ်ရွာလျှင် ငွေကျပ်သိန်း ၁၅၀၊ ကျေးရွာနေ ပြည်သူများ၏ လုပ်အား၊ ငွေအားထည့်ဝင်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ကျေးရွာ၏ အဓိကလိုအပ်ချက်များ ပါဝင်သော ဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲပြီး စီမံချက်ပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာများ ပံ့ပိုးကာ တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

(၄၆၉)

## မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သစ်ပင်၊ သစ်ကိုင်းများ လဲကျမှုဖြစ်ပွား၍ မီးသတ်ဦးစီးဌာနမှ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့

**ကျောက်ပန်းတောင်း မေ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် မေ ၂၆ရက် ညက မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် သစ်ပင်၊ သစ်ကိုင်းများ လဲကျကာ လမ်းပိတ်ဆို့ခြင်း၊ လူနေအိမ်ပေါ် ပိမိခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် မေ ၂၇ ရက် နံနက် ၅ နာရီခွဲမှစတင်၍ ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ယမန်နေ့ညက မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ကျောက်ပန်းတောင်းမြို့၊ စံပြရပ်ကွက်ရှိ မြို့နယ် ပြည်သူ့ဆေးရုံလမ်းကြား (မြို့ပတ်လမ်းဟောင်း)တွင် လုံးပတ် သုံးပေခန့်စီရှိ မဲဇလီပင်တစ်ပင်နှင့် တရုတ်မန်ကျည်းပင်တစ်ပင် လဲကျမှုဖြစ်ပွားကာ လမ်းမပေါ်တွင် ပိတ်မိနေသဖြင့် အဆိုပါ လဲကျနေသော သစ်ပင်များအား ရှောင်တိမ်းမောင်းနှင်လာသော မန္တလေးမှ မကွေးသို့ မောင်းနှင်လာသည့် Harrier မော်တော်ယာဉ်မှာ ကားလမ်းဘေးတွင် နှံ့နစ်မှုထပ်မံဖြစ်ပွားသဖြင့် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းမြင့်ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက မော်တော်ယာဉ်အား ရှာဖွေကယ်ဆယ်ရေး ယာဉ်တစ်စီးဖြင့် ဆွဲတင်ခြင်း၊ လမ်းပိတ်ဆို့နေသော သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ အလားတူ ဘူတာရပ်ကွက်၊ နယ်မြေ(၉)၊ ကျောက်ပန်းတောင်း-ပွေးကျစ်လမ်းဘေးတွင် လုံးပတ် ၄ ပေ၊ အမြင့် ပေ ၃၀ ခန့်ရှိ ကန္တာရပင် တစ်ပင်လဲကျကာ အနီးရှိ ဦးဆန်းဝင်းမောင် ပိုင် ပေ ၃၀× ပေ ၂၀ ရှိ သွပ်မိုး၊ ထရံကာ မြေစိုက်နေအိမ်အဖီပေါ်သို့ သစ်ကိုင်းများ ပိမိနေသဖြင့် မြို့နယ်ဦးစီးမှူးနှင့် သန္နေတပ်ဖွဲ့ဝင် ၁၀ဦးတို့က သွားရောက် ကူညီဖယ်ရှားရှင်းလင်းပေးခဲ့သည်။ အဆိုပါဖြစ်စဉ်များအတွင်း လူနှင့် တိရစ္ဆာန်ထိခိုက်ပျက်စီးမှုမရှိခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

(၄၅၆)

၀-၀-၀-၀-၀-၀



## မိုးရာသီအကြို စုပေါင်းသစ်ပင် စိုက်ပျိုးပွဲကျင်းပ

**မိုင်းခတ် မေ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်တွင် မြို့နယ်သစ်တောဦးစီးဌာနမှ ကြီးမှူး၍ မိုးရာသီ(အကြို)သစ်ပင်စိုက်ပျိုးပွဲကို မေ ၂၇ ရက် နံနက် ၈ နာရီက မိုင်းခတ်မြို့နယ်၊ မိုင်းခတ်-မိုင်းယန်းသွားလမ်း နမ့်ဟူးရေထွက်အနီးရှိ စိုက်ခင်း၌ ကျင်းပသည်။

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဇော်အေးထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ဝင်းလတ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ကျိုင်းတုံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်လေး၊ ကျိုင်းတုံမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးနော်ဆာဝူ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါမောင်နှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့် ကျေးရွာတိုင်းရင်းသားပြည်သူများ စုစုပေါင်းအင်အား ၁၂၀ ဦးတို့က မဲဇလီ ၁၅၀ ပင်၊ ကျွန်း ၅၀ ပင်၊ ချယ်ရီ ၅၀ ပင်၊ ထင်းရှူး ၅၀ ပင်၊ ပျိုးပင် စုစုပေါင်း ၃၀၀ ပင်တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ မိုင်းခတ်မြို့နယ်တွင် ယခုနှစ်မိုးရာသီအတွင်း ပျိုးပင်ပေါင်း ၂၀၀၀၀ ကို ပြည်သူလူထုသို့ ဖြန့်ဝေစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနတောအုပ်ဦးအောင်မိုးထွေးထံက သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ဇမ္ဗူသီရိ မေ ၂၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ရောဂါဖြစ်ပွားမှုမရှိစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းများကို ယမန်နေ့က ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ UAB Camp၊ (၁၀)၊ အ·ထ·က(၉)၊ အ·ထ·က(၁၁)၊ အ·ထ·က (၈)၊ အ·ထ·က (၇)၊ အ·မ·က (၃၄) အလျှင်လို၊ အ·မ·က (၁၃၈)အောင်ချမ်းသာကျောင်းတို့တွင် ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီး၍ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် လူနေအိမ်များနှင့် စာသင်ကျောင်းဝင်းအတွင်း ခြင်များခိုအောင်းပေါက်ဖွားမှု မဖြစ်စေရေးအတွက် သောက်သုံးရေကန်များ၊ ဘုရားပန်းအိုးများ၊ ရေအိုး၊ ရေခွက်များ၊ သောက်သုံး ရေကန်များကို ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ ရေသိုလှောင်ကန်များအတွင်းသို့ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ Chlorination ခတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀-၀

## စာအုပ်စင်ကဏ္ဍ

| | |
|---|---|
| စာအုပ်အမည် | - သီဟိုဠ်မှာသာတဲ့လနှင့် အခြားသုတေသနဆောင်းပါးများ |
| စာရေးသူ | - အရှင်စန္ဒိမာ(ပေါက်) |
| ထုတ်ဝေသည့်စာပေတိုက် | - အောင်ချမ်းပြည့်စာပေ |
| တန်ဖိုး | - ၃၅၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - နေဝင်းအောင် |
| ထုတ်ဝေသည့် ကာလ | - ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ |

စာအုပ်စီစဉ်သူ ဒေါက်တာ ဘဒ္ဒန္တအာသဘ(တက္ကသိုလ် သောတုဇန)၏ အမှာစာနှင့်အတူ ထွက်ရှိလာသော စာအုပ်ဖြစ်ပြီး သုတေသနဆောင်းပါး အပုဒ် (၂၀)ကို စုစည်းထားသည်။

စာရေးသူ ရဟန်းစာဆို အရှင်စန္ဒိမာ(ပေါက်)သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)မှ နည်းပြဆရာတစ်ဦး ဖြစ်သည်။ စာအုပ်မှာ ဘာသာရေးဆိုင်ရာ သုတေသနဆောင်းပါးများဖြစ်ကာ ဒုဿစေတီတည်ရာဌာနကို သုတေသနပြုကြည့်ခြင်း၊ ဗုဒ္ဓဝင်ပေါ်ကြားရာ အချိန်ကာလကို စိတ်ကြည့်ခြင်း၊ ဖွားဖက်တော်ခုနစ်ဦးတွင် ရှင်အာနန္ဒာ ပါ၊ မပါ ပြဿနာ၊ ရှင်အာနန္ဒာနှင့် ရှင်အနုရုဒ္ဓါတို့သည် ညီအစ်ကိုအရင်းတွေလား၊ ရှင်ဒေဝဒတ် ပါရာဇိက ကျ၊ မကျ၊ ဘိက္ခုနီသာသနာ စတင်ပေါ်ထွန်းချိန်၊ မိုးရေခံသင်္ကန်းနှင့် ဝါဆိုသင်္ကန်း၊ ကထိန်ခွင့်ပြုချိန်၊ ဒုတိယမင်းခေါင်၏ သိမ်သမုဒ်ပွဲတွင် သီချင်းသည်များ ပါ၊ မပါ သမိုင်းဆိုင်ရာပြဿနာ၊ သီဟိုဠ်မှာ သာတဲ့လ(သို့မဟုတ်)အဘယာရာမဆရာတော်၊ ဇေလုဝနတ်စောင်းဇာတ်လမ်း သုတေသနစစ်တမ်း၊ ငရဲပြည်တွင် ငရဲထိန်းငရဲသားများ ရှိ၊ မရှိ အစရှိသည့် ဆောင်းပါးများ ပါရှိသည်။

သုတေသနသည် ဘာသာရပ်တစ်ခုကို စနစ်တကျ စူးစမ်းလေ့လာခြင်း၊ အသိပညာရရှိရန်အတွက် အထောက်အထားများကို စူးစမ်းလေ့လာခြင်း၊ မှတ်တမ်းတင်ခြင်း၊ ခွဲခြမ်းစိတ်ဖြာစိစစ်ခြင်းတို့ဖြစ်ရာ သုတေသနစိတ်ဝင်စားသူများ လက်စွဲဖတ်သင့်သည့် စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။



## ဖော်ညွှန်းသီ

| | |
|---|---|
| စာအုပ်အမည် | - သစ်ကုလားအုတ် အက်ဆေးများ |
| စာရေးသူ | - နေမျိုး |
| ထုတ်ဝေသည့်စာပေတိုက် | - နှစ်ကာလများစာပေ |
| တန်ဖိုး | - ၂၀၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - လွင်ကိုထိုက် |
| ထုတ်ဝေသည့်ကာလ | - ၂၀၁၉ ခုနှစ်၊ ဌန်လ |

'သစ်ကုလားအုတ်'ခေါင်းစဉ် ဖြင့်ရေးသော အက်ဆေး အပါအဝင် အက်ဆေး(၂၆)ပုဒ် စုစည်းထားသည်။ ဆရာနေမျိုးသည် ငါတို့စာပေမှ ထုတ်ဝေခဲ့သည့် 'မိုးဘိုင်စကုပ်'အက်ဆေးစာအုပ်ဖြင့် အမျိုးသားစာပေဆုရရှိခဲ့သူဖြစ်ပြီး ယခုစာအုပ်မှာ စာရေးသူ၏ လူငယ်ဘဝအမှတ်ရချက်များကို ခြယ်မှုန်းထားသော အက်ဆေးစာအုပ် ဖြစ်သည်။

'ကျွန်တော်သည် စာရေးခြင်းအလုပ် ကောင်းမွန်စွာ လုပ်ဆောင်နိုင်လိမ့်မည်ဟု ကိုယ့်ကိုကိုယ်မှတ်ချက်ပြုမိပါသည်။ ယခုကဲ့သို့ နွေဦးပေါက်ညများသည် ယူတာဖူ၏ စာပေဟာန်ကို အမှတ်ရဖွယ်ရာပင် ဖြစ်ပါသည်။ ငွေကြေးလုံလောက်မှုမရှိသော အနုပညာရှင်တစ်ဦး၏ ဘဝနေထိုင်ပုံသည် ယူတာဖူ၏ စာပေဟာန်ပင် ဖြစ်ပါသည်။ ညက စာရေးစားပွဲမှာ ထိုင်လျက် ကျွန်တော်အိပ်ပျော်သွားသည်။ အိပ်ပျော်သွားရင်း အိပ်မက်တစ်ခုကို ကျွန်တော်မြင်မက်ခဲ့သည်။ ယင်းမှာ မြူးထူးခုန်ပေါက်ပြေးလွှားနေသော သစ်ကုလားအုတ်တစ်ကောင် ဖြစ်သည်။'

(သစ်ကုလားအုတ်အက်ဆေးမှ)

သာမန်ဖြစ်ပျက်နေသော အကြောင်းအရာများကို လူငယ်ဘဝ ကြုံတွေ့ရသည်များကို အခြေခံကာ စိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးဖွဲ့ထားသော စကားပြေများ ဖြစ်သည်။ အက်ဆေးရသစာတမ်းနှစ်သက်သူများသဘောကျမည့် စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။




## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အကြို စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲများ ကျင်းပ

**တာချီလိတ် မေ ၂၈**

ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အကြို စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း ပြိုင်ပွဲများကို ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့ အခြေခံပညာအထက်တန်းကျောင်း (တာချီလိတ်)၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

ပြိုင်ပွဲကို 'ကမ္ဘာ့တစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး' ခေါင်းစဉ်ဖြင့် ကျင်းပရာ အခြေခံပညာအဆင့် ကျောင်းသား၊ ကျောင်းသူ စာစီစာကုံးပြိုင်ပွဲဝင် ၁၀ ဦး၊ ပန်းချီပြိုင်ပွဲဝင် ၁၀ ဦး၊ ကာတွန်းပြိုင်ပွဲဝင် ၅ ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုများချီးမြှင့်ပေးသွားမည် ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲသို့ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နေမှုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဝေသုံ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလွမ်းမိုးထက်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

(ယာပုံ)

မြို့နယ်(ပြန်/ဆက်)




ပတ်စာရော၊ မှတ်စာရော စုံလင် မန္တလေး

## ပြည့်စုံချမ်းသာအမှန် ဗလငါးတန်

(ဂန္ထဝင်လင်္ကာ)

* ကျင့်ဖွယ်"ကာယ"၊ နိုးထကြွသော်
နောင်မျှချိန်ခါ၊ ကိုယ်ကျန်းမာ၍
ရွှင်သာမုန်စစ်၊ ခန္ဓာဖြစ်လို့
ခုနစ်ကြာရှည်၊ မပန်းစေဘဲ
လန်းဝေပျံ့မွှေး၊ သန့်စင်ဖွေးလို့
ကြည်အေးသာယာ၊ ဘဝမှာတည်း ။

* တတ်သိ"ဉာဏ"၊ ပိုင်းဝေမျှကာ
မိတ်သဟာဆွေ၊ ညွှန်ပြဝေသော်
မသွေတင့်ဆန်း၊ မိုးစက်ဖြန်းသို့
ပွင့်ပန်းကြာသွင်၊ ကန်ရေပြင်ဝယ်
လှဆင်ဂုဏ်သင်း၊ လှုဖြစ်ခြင်းကို
ပြစ်ကင်းမှန်စွာ၊ ရှင်သန်ရာတည်း ။

* ရှိဘိ"ဘောဂ"၊ သုံးစွဲမှု၍
ခုနစ်ည်းစိမ်၊ မလပ်မိန်အောင်
မငြိမ်စိတ်ထား၊ မိုက်အမှားကို
စိတ်အားဉာဏ်စေ၊ ချင့်မျှဝေလို့
တည်နေဘဝ၊ တစ်ခဏမယ်
အေးမြချမ်းသာ၊ ပြည့်စုံရာတည်း ။

* နှုတ်ဖျားသံချို၊ မာနလျှို၍
"မိတ္တ"စိတ်ဓာတ်၊ မေတ္တာအပ်၍
မလပ်ကျင့်ကြံ၊ အသိမှန်ဖြင့်
ဂုဏ်ထန်မပြု၊ ပေါင်းဖက်ရှုစေ
မှားမှုမကြံ၊ ကောင်းခြင်းပုံလို့
ရန်လုံအေးဖြာ၊ မိတ်များရာတည်း ။

* အမိအဘ၊ စောင့်ရှောက်ကြသော်
သိမှတ်လိမ္မာ၊ ဉာဏ်ရည်ဖြာလို့
ဆရာသင်ကြား၊ ပညာအားနှင့်
အမှားမရ၊ "စာရိတ္တ"ဖြင့်
ဘဝရှင်သန်၊ စိတ်ထားမှန်သော်
ပြည့်စုံချမ်းသာ၊ လူဖြစ်ရာတည်း ။

* "ကာယ" "ဉာဏ"၊ ရှိ "ဘောဂ"နှင့်
"မိတ္တ"ရွှင်ပြ၊ "စာရိတ္တ"တို့
ပညာရဲရင့်၊ ပွဲလယ်တင့်ကာ
ဗလငါးတန်၊ ဂုဏ်ရည်စံ၍
ကေန်မုချ၊ စုံပြည့်ဝသော်
တည်ရလူ့ရွာ၊ အေးချမ်းသာတည်း ။ ။

မင်းမြတ်မိုး(မန်းမြေ)



## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၂၈)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ



**မန္တလေး မေ ၂၈**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ဘုံဆွမ်းလောင်းအသင်း၏ (၂၈) ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို နယုန်လဆန်း ၁ရက် နံနက် ၅ နာရီခွဲက သီပွဲလမ်းနှင့် ၆၈ လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်၊ လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေအပါး ၃၅၀ ကျော်အား ဆွမ်း၊ ဝက်သားဟင်း၊ ပဲနပ်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး သင်္ကန်းဒွိစုံ ရှစ်စုံနှင့် နဝကမ္မငွေကျပ် ၈၀၀၀၀ ကို စာရေးတံမဲဖောက်၍ ဘုံဆွမ်းလောင်းအသင်းတည်ထောင်သူ ဦးနေမင်းဦး+ဒေါ်ယုယုဇော်(ပီတိသုခမိသားစု)၊ ကိုမျိုးဝင်း+မအိအိချော(ကောင်းထက်မဟာမိသားစု)၊ ကာဗာတိုင်းပြည်မိသားစု)၊ ဦးရုံးရွှေ+ဒေါ်မိုးသန္တာအောင်(ရွှေသစ်ပင်ဟိုတယ်မိသားစု)၊ ဦးအောင်သန်းလှိုင်+ဒေါ်နန်းနီနီဝင်း မိသားစု၊ ဦးမြင့်လွင်+ ဒေါ်ခင်ချိုဝင်းမိသားစု၊ ဦးစံသာ+ ဒေါ်အုန်းစိန်တို့အား ရည်စူး၍ သားသမီးမြေးတစ်စု၊ Golden Key Cafe မိသားစု၊ မိခင်ကြီး ဒေါ်ဝေတင့်အား အမျှထား၍ သားသမီးမြေးတစ်စုနှင့် ရပ်ကွက်နေပြည်သူများ၊ ဘုံဆွမ်းလောင်း အသင်းဝင်များက လောင်းလှူခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (ဝ၄ဝ)



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး–ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် မန္တလေး၊ ကျွဲဆည်ကန်နေ ကွယ်လွန်သူ ဦးဘိုကြီး + ဒေါ်ငြိမ်းတင်တို့အား ရည်စူး၍ 'သူထက်မိုး'ကုမ္ပဏီလီမိတက် မိသားစုမှ ဆွမ်းအလှူငွေကျပ်ငါးသိန်းကို ယမန်နေ့က လှူဒါန်းရာ ဆွမ်း၊ ကွမ်း ဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူကြစဉ်။ (ကဆ)

## မဟာမုနိဘုရားကြီး ကျောင်းတော်ကြီး၊ ပြတိုက်၊ စောင်းတန်း၊ မုခ်ဦးပြာသာဒ်များ ဘက်စုံပြုပြင်ရန် ငွေများ လာရောက်လှူဒါန်း

**မန္တလေး မေ ၂၈**

မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော မဟာမုနိဘုရားကြီး၏ စိန်ဖူးတော်အား အသစ်ပြန်လည်တင်လှူမည်ဖြစ်သည်။ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ကြီးကို ပြန်လည်ပြုပြင်ပြီး ရောင်တော်ဖွင့်ပူဇော်မည်ဖြစ်သည်။

မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဘက်စုံပြုပြင်ရန် အနယ်နယ်အရပ်ရပ်မှ ငွေများ လာရောက်လှူဒါန်းလျက်ရှိရာ မေ ၂၆ ရက် နံနက်ပိုင်းက တနင်္သာရီတိုင်း မြိတ်မြို့၊ ကံပြေရွာမှ ဆရာတော် ဘဒ္ဒန္တပညာဓဇနှင့် ဒါယကာ၊ ဒါယိကာမများက ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ မန္တလေးမြို့နေ ဦးအေးပို+ဒေါ်မြင့်မြင့်သန်း မိသားစုက ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့နေ ဦးဇော်လင်း + ဒေါ်စန်းစန်းမြင့်မိသားစုက ငွေကျပ်ငါးသိန်း၊ ခရစ္စတိုဖလင်း၊ ဂျိုနသန်လင်း မိသားစုက ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ကျုံပျော်မြို့နေ ဒေါ်သိန်း(သိန်းမင်းသင်္ကန်းတိုက်)



မိသားစုက မီးလင်းရွှေ တစ်ကျပ်သား ရွှေတုံးတစ်တုံး၊ ဦးခင်မောင်ထွန်းအား ရည်စူး၍ ဒေါ်တင်တင်ဌေး(သီရိရွှေစင်ရွှေဆိုင်)မိသားစုက စိန်ပါရွှေလက်စွပ်တစ်ကွင်း၊ မီးလင်း ရွှေတစ်ကျပ်သားရွှေတုံးတစ်တုံးတို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီး ကျောင်းတော်ကြီးပြုပြင်ရန်၊ ပြတိုက်များ ပြင်ဆင်ရန်၊ စောင်းတန်းများ ပြုပြင်ရန်၊ မုခ်ဦးပြာသာဒ်များ ပြုပြင်ရန်နှင့် ဘက်စုံပြုပြင်ရန်အတွက် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် 08730206100449101 နှင့် UAB ဘဏ် ငွေစာရင်းအမှတ် 01 7130 1000 122 59 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 01 7012 1000 00750 ၊ ဖုန်း ၀၉-၄၄၄၀၄၄၄၇၅ နှင့် ၀၉-၄၀၂၅၉၉၉၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (ဝ၄၅)

## တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**ခန္တီး မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့၌ ၂၀၂၅ ခုနှစ် ဇွန်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် Grade-12 ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးကောင်းမွန်စွာ ရာနှုန်းပြည့်ပြန်လည်ဖြေဆိုနိုင်ရေးအတွက် ခန္တီးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မေ ၂၇ ရက် နံနက် ၁၀ နာရီမှစ၍ အခြေခံပညာအထက်တန်းကျောင်း(ခန္တီး)၌ ဆောင်ရွက်ပေးလျက်ရှိသည်။ **(အောက်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးမကောင်းသည့် ကျောင်းသား၊ ကျောင်းသူများအား ဆေးစစ်ပေးခြင်း၊ သွေးပေါင်ချိန်ပေးခြင်း၊ ဆေးထိုး၊ ဆေးတိုက်ကျွေးခြင်း လုပ်ငန်းများနှင့် ရာသီအကူးအပြောင်း မိုးတွင်းကာလတွင် ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှော၊ ရာသီတုပ်ကွေး၊ ငှက်ဖျားရောဂါများနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစေရန် ရေလှူဒါန်း

**ညောင်ဦး မေ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် အေးမေတ္တာပရဟိတရေအလှူတော်အဖွဲ့(တောင်ဇင်း)က မေ ၂၇ ရက် နံနက်ပိုင်းက ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စု၊ ညောင်လှကျေးရွာနှင့် ကန်ကြီးပေါက်တဲတိုက်ရှိ ဒေသခံပြည်သူများ သောက်သုံးရေ ဖူလုံစေရန်အတွက် သောက်သုံးရေများ သွားရောက်လှူဒါန်းပေးခဲ့သည်။

ထိုသို့ သောက်သုံးရေ လှူဒါန်းပေးရာတွင် ညောင်ဦးမြို့နယ် အေးမေတ္တာပရဟိတရေအလှူတော်အဖွဲ့(တောင်ဇင်း)မှ ပရဟိတအသင်းသား၊ အသင်းသူများက ညောင်ဦးမြို့နယ်၊ညောင်လှကျေးရွာမှ ဒေသခံပြည်သူများအတွက် ရေဂါလန် ၁၆၀၀၊ ကန်ကြီးပေါက်တဲတိုက်မှ ဒေသခံပြည်သူများအတွက် ရေဂါလန် ၁၆၀၀၊ စုစုပေါင်း ရေဂါလန် ၃၂၀၀ ကို သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်ရန်အတွက် စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၄၄၅)




မျက်စိလျှကြ
မျက်ကြည်ရ
မြတ်သည့်လှူဒါန်း။


## အားကစားနှင့် ကာယပညာသိပ္ပံဝန်ထမ်းများနှင့် တွေ့ဆုံ၊ ဝန်ထမ်းသက်သာ ဆီနှင့် ခေါက်ဆွဲထုပ်များ ထောက်ပံ့

**မန္တလေး မေ ၂၈**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ရှိ ကျောင်းအုပ်ကြီးနှင့် အရာထမ်းများ၊ နည်းပြများ၊ ဝန်ထမ်းများ တွေ့ဆုံပွဲကို မေ ၂၆ ရက် နံနက် ၁၀ နာရီက ချမ်းမြသာစည်မြို့နယ်၊ အားကစားနှင့်ကာယပညာသိပ္ပံရှိ ကြက်တောင်အားကစားခန်းမတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က နိုင်ငံဂုဏ်ဆောင်မျိုးဆက်သစ် အားကစားသမားများပေါ်ထွန်းလာစေရေးအတွက် အားကစားနည်းအလိုက် လေ့ကျင့်သင်ကြားရေးနှင့် ဝန်ထမ်းရေးရာများ



ဆွေးနွေးပြောကြားသည်။ ထို့နောက် ဌာနခွဲအလိုက် နည်းပြများက သင်တန်းသား၊ သင်တန်းသူများအား လေ့ကျင့်သင်ကြားရေးနှင့် ဝန်ထမ်းရေးရာများကို ဆွေးနွေးတင်ပြပြီး ကျောင်းအုပ်ကြီးမှ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးနှင့်တာဝန်ရှိသူများက ဝန်ထမ်းများအား သက်သာချောင်ချိရေးအတွက် ဆီနှင့် ခေါက်ဆွဲခြောက်ထုပ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**မောင်ပြည်သူ(မန္တလေး)**

*-*-*-*-*

# No Load Shed အကြောင်း တစေ့တစောင်း

မောင်မောင်စွယ်စုံထွန်း

No Load Shed သည်မှာ ဘယ်လိုပုံစံနှင့် ပေးနေသလည်းဆိုသည်ကို ရှင်းပြပေးလိုပါသည်။ အဆိုပါ No Load Shed ပေးသည့် ပုံစံသည် လုပ်ထုံးလုပ်နည်း မဟုတ်ပါ။ ရန်ကုန်တိုင်းဒေသကြီးဆိုလျှင်လည်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ခရိုင်၊ မြို့နယ်အများစု ကျင့်သုံးသည်ကိုသာ မြင်သာအောင် ရှင်းပြခြင်းဖြစ်ပါသည်။ ပထမဆုံးပြောချင်သည်က No Load Shed ဆိုသည့် အရေးပေါ်ဝန်အားတိုးပေးခြင်းနှင့် အများသိကြသော LDC Load Shed ဆိုသည့် အရေးပေါ်ဝန်အားလျှော့ခြင်း ဆိုသည်မှာက နည်းပညာအရ ဖြစ်စဉ်ဖြစ်ရပ်တစ်ခုသာဖြစ်ပါသည်။ အများစုပြောနေသလို ၂၄ နာရီ ဓာတ်အားတည်ငြိမ်စွာရရှိရေးသည် လျှပ်စစ်ဌာန၏ ပင်မတာဝန်တစ်ခုပါ။ နည်းပညာဖြစ်စဉ်၊ ဖြစ်ရပ်တစ်ခုလည်းဖြစ်ပါသည်။ အများပြည်သူ၏ Rights လည်း ဖြစ်သည်မို့ ကျေးဇူးတင်စရာမလိုအပ်သောကိစ္စရပ်လည်းဖြစ်ပါသည်။ သို့သော် No Load Shed (သို့မဟုတ်) LDC သည် အရေးပေါ်ဆောင်ရွက်ရသည့်ကိစ္စတစ်ရပ်ဖြစ်တာမို့ ညီမျှမှုမရှိနိုင်ဘူးဆိုတာကိုလည်း ရှင်းပြထားလိုပါသည်။

No Load Shed ဆိုသည်မှာ ဓာတ်အားစနစ်အတွင်း ထုတ်လုပ်မှုနဲ့ သုံးစွဲမှုညီမျှစေရန်အတွက် အခြေအနေတစ်ခုအရ ဓာတ်အားသုံးစွဲမှုယာယီကျဆင်းသွားသည့်အခါမှာ ၎င်းပမာဏအတိုင်း ထပ်တိုးသုံးစွဲစေခြင်းပဲ ဖြစ်ပါသည်။ LDC ဆိုသည်မှာလည်း ထုတ်လုပ်မှုအရ ပုံသေဖြစ်နေသော်လည်း အခြေအနေ တစ်ရပ်ရပ်အရ ဓာတ်အားသုံးစွဲမှု ယာယီတိုးလာသည့်အခါ ၎င်းပမာဏအတိုင်း ဝန်အားလျှော့ခြင်းသာ ဖြစ်ပါသည်။ အဆိုပါ အခြေအနေတစ်ရပ်ဆိုသည်မှာ ရာသီဥတုအေး၍ သုံးစွဲမှုပမာဏ သိသာစွာကျဆင်းခြင်း၊ ဓာတ်အားလိုင်းအပြစ်ကြောင့် ဓာတ်အားယာယီ သုံးစွဲနိုင်ခြင်းမရှိသည့်အခြေအနေတွင် ဓာတ်အားသုံးစွဲရနိုင်သည့်ဘက်အား ပိုမိုသုံးစွဲစေခြင်း၊ စက်ရုံ၊ အလုပ်ရုံများ ယာယီရပ်နားခြင်း၊ ဓာတ်အားပေးစက်ရုံပြုပြင်ကောင်းမွန်၍ ဓာတ်အားအသစ် ပို့လွှတ်ပြီး Load Shed ဇယားမပြောင်းလဲမီကာလအတွင်း ယာယီအပိုဆောင်းဓာတ်အားပေးထားခြင်း စသော အချက်များပင် ဖြစ်ပေသည်။ အဆိုပါ အခြေအနေတစ်ရပ်အရ ဓာတ်အားစနစ်အတွင်း ထုတ်လုပ်မှုနှင့် သုံးစွဲမှုတို့ မျှခြေတွင် သုံးစွဲမှုလျော့နည်းနေပါက သတ်မှတ်ထားသည့် အုပ်စုလိုက် အလှည့်ကျ ယာယီဝန်အားလျှော့ခြင်းတို့အနက် နိုင်နင်းသောပမာဏကို အပိုဆောင်းပေး၍ ဓာတ်အားသုံးစွဲစေပါသည်။ လေ့လာမှုများအရ အောက်ပါအတိုင်း ဓာတ်အားပေးလေ့ရှိသည်ကို တွေ့ရသည်-



**(က) မြို့နယ်အလိုက် No Load Shed ပေးခြင်း**

ဓာတ်အားစနစ်ကွပ်ကဲရေးဌာနမှ ပိုနေသော ဓာတ်အားပမာဏကိုကြည့်၍ ဖြန့်ဖြူးရေးကဏ္ဍသုံးခုအား အချိုးကျခွဲဝေ၍ အပိုဆောင်းဓာတ်အားရယူရန် ညွှန်ကြားချက်ပေးပါသည်။ ရရှိလာသော ပမာဏသည် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအတွက်ဖြစ်ပါက ခရိုင်(၄)ခုအား အချိုးကျ ထပ်မံခွဲဝေ၍ မြို့နယ်အလိုက် No Load Shed ပေးစေပါသည်။ သို့ရာတွင် ပထမတစ်ကြိမ်တည်း ခရိုင်တစ်ခုတည်းအတွင်းရှိ မြို့နယ်အားလုံး No Load Shed ပေးသည်ကား လွန်စွာရှားပါသည်။ ခရိုင်တစ်ခုအတွက် ရရှိသောပမာဏအနက် ကိုက်ညီမှုရှိသော မြို့နယ် (၃၊ ၄)ခုအား အရင် No Load Shed ရယူစေပါသည်။ ၎င်းနောက် ထပ်မံရရှိသော ပမာဏအလိုက် ကျန်မြို့နယ်များအား အသီးသီး ထပ်မံရယူစေခြင်းဖြင့် မြို့နယ်အလိုက် No Load Shed ပေးခြင်း ဖြစ်ပါသည်။

**(ခ) ရရှိသော ခွဲတမ်းပမာဏအလိုက် No Load Shed ပေးခြင်း။**

No Load Shed ဆိုရင် အနောက်ပိုင်းခရိုင်ပဲ ပေးသည်ဆိုသည်မှာ မမှန်ပါ။ ဥပမာ ၇၀ မဂ္ဂါဝပ် အပိုဆောင်းယူရန် ဓာတ်အားကွပ်ကဲရေးဌာနမှ ညွှန်ကြားသည်ဆိုပါစို့။ အရှေ့ပိုင်း ဘယ်လောက်၊ အနောက်ပိုင်း ဘယ်လောက်၊ မြောက်ပိုင်း ဘယ်လောက်၊ တောင်ပိုင်း ဘယ်လောက်ဆိုပြီး အချိုးကျ ဓာတ်အားခွဲဝေ၍ ပေးစေပါသည်။ သက်ဆိုင်ရာ ခရိုင် တာဝန်ရှိသူများအနေဖြင့် ရရှိလာသော မဂ္ဂါဝပ် ပမာဏအား ချင့်ချိန်၍ ဘယ်မြို့နယ်ကတော့ ဘယ်လောက်မဂ္ဂါဝပ် ထပ်တိုးယူပါဟုဆိုပြီး ထပ်ဆင့်ညွှန်ကြား၍ ဓာတ်အားပေးပါသည်။ မြို့နယ်များအား အပိုဆောင်း ဓာတ်အားခွဲဝေရာတွင် ရရှိသော ဓာတ်အားပမာဏ၊ ဓာတ်အားလိုအပ်သည့် အခြေအနေ၊ အလှည့်ကျပေးရမည့် မြို့နယ်အခြေအနေများအရ ခရိုင်မှ စီမံဆောင်ရွက်ရခြင်း ဖြစ်ပါသည်။

မြို့နယ်အသီးသီးမှ ရရှိလာသော အပိုဆောင်းဓာတ်အားကို ကနဦးအနေဖြင့် အုပ်စုအရ စဉ်းစား၍ ဓာတ်အားပေးပါသည်။ ဥပမာအားဖြင့် အုပ်စု (C) သည် အလှည့်ကျအချိန်ဇယားအရ ဓာတ်အားပေးချိန်ဖြစ်ပြီး အုပ်စု (A, B) သည် ဓာတ်အားပိတ်ချိန်ဖြစ်ပါသည်။ ၎င်းအတွက်ကြောင့် အပိုဓာတ်အားရရှိလာပါက မီးပြတ်ချိန် လေးနာရီကျော်သည့် အုပ်စု (A) အား ဓာတ်အားပေးရန် စီစဉ်လေ့ရှိပါသည်။ ၎င်းအုပ်စုအတွင်းရှိ ဖီဒါများသည် ရရှိလာသော အပိုခွဲတမ်းပမာဏဖြင့် မလုံလောက်ပါက အုပ်စု (A) ရှိ ဖီဒါအားလုံးကို ဓာတ်အားပေးနိုင်ခြင်းမရှိဘဲ LDC Load Shed များသော ဖီဒါများ၊ လိုင်းအပြစ်အဖြစ်များသော ဖီဒါများကို ဦးစားပေး၍ ဓာတ်အားပေးလေ့ရှိပါသည်။

အုပ်စုအလှည့်အပြောင်းချိန်များသို့ ရောက်သောအခါ တစ်မြို့နယ်လုံး No Load Shed မရရှိသေးပါက ဓာတ်အားရရှိနေသောအုပ်စုအား ဓာတ်အားပိတ်၍ လေးနာရီ ဓာတ်အားပြတ်တောက်ခဲ့ပြီးသော အုပ်စုအား ဓာတ်အားပြန်ပေးပါသည်။ ဥပမာ အုပ်စု(C) ဓာတ်အားရရှိချိန် အပိုဆောင်းဓာတ်အားကို အုပ်စု(A) အား ပေးထားပြီး ဓာတ်အားပေးချိန် လေးနာရီပြည့်၍ အုပ်စု(C) အား ဓာတ်အား ပိတ်ရမည်ဆိုပါက အုပ်စု(C) အား ပိတ်၍ အုပ်စု(B) အား ဓာတ်အားပေးပါသည်။

ဤကား လျှပ်စစ်ဓာတ်အား အပိုဆောင်းရရှိသည့် အခြေအနေတွင် ခရိုင်၊ မြို့နယ်အသီးသီးမှ စီမံဆောင်ရွက်သည့် အခြေအနေအား အများစု စီမံဆောင်ရွက်သည့် ပုံစံဖြစ်ပါသည်။ ကနဦး ပြောသကဲ့သို့ No Load Shed သည် အခြေအနေအရ စီမံဆောင်ရွက်ရသဖြင့် ခရိုင်တူသော်လည်း၊ မြို့နယ်တူသော်လည်း၊ အုပ်စုတူသော်လည်း ဓာတ်အားရရှိမှုသည် ကွာခြားနိုင်ပါသဖြင့် မျှတမှုမရှိဟု ပြောဆိုနေကြခြင်းသာ ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရပါလျှင် ဓာတ်အားထုတ်လုပ်မှုက ပုံသေဖြစ်နေသော်လည်း ဓာတ်အားသုံးစွဲမှုက ပုံသေမဟုတ်ဘဲများလာသည့်အခါတွင် စနစ်ကြီးတစ်ခုလုံး ရပ်ဆိုင်းမသွားအောင် အရေးပေါ်ဝန်အားလျှော့ခြင်းကို မဖြစ်မနေဆောင်ရွက်ရပြီး ဓာတ်အားနိုင်နင်းလာသည့်အခါ ဓာတ်အားခွဲဝေ၍ ပြန်ပေးရခြင်းကို မဖြစ်မနေ ဆောင်ရွက်ရ၍ ဓာတ်အားနိုင်နင်းလာသည့်အခါ ဓာတ်အားခွဲဝေကာ ပြန်ပေးရခြင်းကို No Load Shed ဟု ခေါ်ပြီး လျှပ်စစ်ကို မုန့်ဖိုးဝေသကဲ့သို့ အညီအမျှခွဲဝေ၍ မရဘဲ ဓာတ်အားသုံးစွဲမှုအလိုက် ပေးဝေရခြင်းသာ ဖြစ်ပါကြောင်း ရှင်းလင်းရေးသားတင်ပြလိုက်ရပါသည်။

## လျှော်ဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး လျှော်သတ္တာန်တူ ဓာတ်တိုက်လေ့ကျင့် သရုပ်ပြသခြင်းများ ဆောင်ရွက်

**ညောင်ဦး မေ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနက ဒေသတွင်းရှိ ပြည်သူများ လျှော်ဘေးအန္တရာယ် ကင်းဝေးစေရန်နှင့် ကြိုတင်သတိပြု ကာကွယ်သွားနိုင်ရန် ရည်ရွယ်၍ လျှော်သတ္တာန်တူ ဓာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းကို ယမန်နေ့က ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ကျင်းပခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ၏ ကြီးကြပ်မှုဖြင့် ဒုတိယမီးသတ်ဦးစီးမှူး ဦးရဲမင်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မြင့်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများကို တွေ့ဆုံကာ လျှော်ဘေးအန္တရာယ်နှင့်ပတ်သက်ပြီး အသက်အန္တရာယ်ထိခိုက်မှုမဖြစ်အောင် လျှော်လှုပ်ခတ်ချိန်နှင့် လျှော်လှုပ်ခတ်ပြီးချိန်များတွင် လိုက်နာဆောင်ရွက်ရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေး ဆွေးနွေးဟောပြောသည်။ (ဓါပုံ)

ထို့နောက် ဒုတိယမီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဆေးရုံလူနာစောင့် ပြည်သူများကို လျှော်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ သိရှိနိုင်ရန် ပြိုကျနေသော အဆောက်အအုံအတွင်းရှိ လူနာများအား ရှာဖွေကယ်ထုတ်ခြင်း၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုများ ခံယူနိုင်ရေးအတွက် လူနာများအား ကူညီပို့ဆောင်ပေးခြင်း၊ ရှေးဦးသူနာပြုစုနည်းဖြင့် အရေးပေါ်ကုသမှုများ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခြင်း စသည့် လျှော်သတ္တာန်တူ ဓာတ်တိုက်လေ့ကျင့်သရုပ်ပြမှုများကို ဆောင်ရွက်ခဲ့ရာ တက်ရောက်လာကြသူများက စိတ်ဝင်တစားကြည့်ရှုကာ ပူးပေါင်းပါဝင်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။(၄၄၅)



## မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်း (၁၁၉)ကြိမ်မြောက် နယုန်လစာလျှောက်မေးခမ်း ကျင်းပမည်

**မန္တလေး မေ ၂၈**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၅ လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြားရှိ ပရိယတ္တိသာသနဟိတအသင်းမှ ကြီးမှူး၍ (၁၁၉)ကြိမ်မြောက် နယုန်လရဟန်းတော်များ စာလျှောက်မေးခမ်းကို လျှောင်ဘေးဒဏ်ကြောင့် ယာယီရပ်ဆိုင်းထားရာမှ ပြန်လည် ကျင်းပမည် ဖြစ်သည်။

ဝင်ရောက်ဖြေဆိုလိုသော ရဟန်းတော်များအနေဖြင့် ဝင်ခွင့်ပုံစံများကို ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်မှ နယုန်လပြည့်နေ့၊ မေ ၂၄ ရက်မှ ဇွန် ၁၀ ရက်အထိ တင်သွင်းနိုင်သည်။ နှုတ်ထောက်အာဂုံစစ်မေးခြင်းကို နယုန်လပြည့်ကျော် (၉၊ ၁၀၊ ၁၁)ရက်များ(ဇွန် ၁၉၊၂၀၊၂၁ ရက်)တွင် လည်းကောင်း၊ ရေးဖြေစာမေးပွဲကို ဝါဆိုလဆန်း ၄ ရက်မှ ၈ ရက် (ဇွန်၂၈၊၂၉၊၃၀နှင့် ဇူလိုင် ၁၊၂ ရက်)အထိ ငါးရက်တိုင်တိုင်ကျင်းပသွားမည်ဖြစ်၍ ဝင်ရောက်ဖြေဆိုမည့် ရဟန်းတော်များအနေဖြင့် စာမေးပွဲ လျှောက်လွှာများကို အချိန်မီပေးပို့ရန် နှိုးဆော်ထားသည်။ နယုန်လစာလျှောက်မေးခမ်းအတွက် လှူဒါန်းလိုပါက ပရိယတ္တိသာသနဟိတအသင်း ဖုန်း ၀၉-၄၀၀၉ ၀၀၄၄၁၊ ၀၉-၄၀၀၉၀၀၄၄၂၊ ၀၉-၄၀၀၉၀၀-၄၄၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၄၅)**

## မြို့နယ်တိုင်းရင်းဆေးကုသဌာန ဆေးကုသရေးအဖွဲ့ ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ မေ ၂၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့ရှိ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဆင်ပေါင်ဝဲမြို့နယ် တိုင်းရင်းဆေးကုဌာနဆေးကုသရေးအဖွဲ့၏ ကွင်းဆင်းဆေးကုသခြင်းကို ယမန်နေ့ နံနက် ၉ နာရီက ဆင်ပေါင်ဝဲမြို့ အမှတ်(၃)ရပ်ကွက်၊ ဘုရားကြီးကျောင်းတိုက်အတွင်း၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆေးကုသခြင်းလုပ်ငန်းများကို မြို့နယ်တိုင်းရင်းဆေးကုဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူးဦးငြိမ်းချမ်းစိုးနှင့် ဝန်ထမ်းက အဆိုပါ ဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်၊ သံဃာတော်များနှင့် ဥပုသ်သီလဆောက်တည်ကြသည့် ပြည်သူများအား ရောဂါလက္ခဏာများ ကြည့်ရှုစစ်ဆေးခြင်းနှင့် သက်ဆိုင်ရာရောဂါများအလိုက် တိုင်းရင်းဆေး၊ သောက်ဆေးများကို အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

*-*-*-*-*-*-*



## ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**သရက် မေ ၂၈**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မြို့၊ ရွာ သန့်ရှင်းသာယာလှပရေးအတွက် စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံများ၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ၊ လမ်းဆုံများတွင် အမှိုက်များ သိမ်းဆည်းခြင်း၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းစသည့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက် နံနက် ၇ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ဆောင်ရွက်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများမှ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးကြပြီး ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စုစုပေါင်း ၄၁၀ ဦးဖြင့် ကျောင်းဝင်းအတွင်းရှိ သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များနှင့် အမှိုက်များကို ရှင်းလင်းဆောင်ရွက်ပေးခဲ့ပြီး စည်ပင်သာယာ အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဇော်ထက်(သရက်)**



## ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲ ကျင်းပ



**မင်းဘူး မေ ၂၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၅ ခုနှစ်၊ ဇွန် ၅ ရက်တွင် ကျရောက်မည့် (၅၂) နှစ်မြောက် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အကြို အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများကို ယမန်နေ့ နံနက် ၉ နာရီခွဲက အ·ထ·က(၂)ကျောင်းတွင် ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲများကို မင်းဘူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင်၊ ခရိုင်ပညာရေးမှူး ဒေါက်တာရဲညွှန့်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်၊ ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျနှင့် မြို့နယ်ပညာရေးမှူး ဒေါ်သွယ်သွယ်တို့က ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် မင်းဘူး(စက)မြို့နယ် အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ အထက်တန်းအဆင့် ခြောက်ဦး၊ အလယ်တန်းအဆင့် ရှစ်ဦး၊ စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၁၄ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး အဆိုပါ စာစီစာကုံးပြိုင်ပွဲကို "ကမ္ဘာတစ်ဝန်းပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ကြကြောင်းနှင့် ဆုရသည့် ကျောင်းသား၊ ကျောင်းသူများကို ဇွန် ၅ ရက် မင်းဘူးမြို့ မင်းပူး ဦးသြဘာသ ခန်းမ၌ ကျင်းပမည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားတွင် ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ခဲပုံ)**

**(၅၀၄)**

*-*-*-*-*-*-*

သစ်တောသစ်ပင်
ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို
နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး ။




## မန္တလေးယူနန် ဗုဒ္ဓဘာသာဘုရားကျောင်းက လျှောင်ဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ကုလားပဲများ လှူဒါန်း

**မန္တလေး မေ ၂၈**

မန္တလေးယူနန် ဗုဒ္ဓဘာသာဘုရားကျောင်း မြန်မာပြည်ဖွား တရုတ်မျိုးနွယ်စုနှင့် စေတနာအလှူရှင်များက လျှောင်ဘေးသင့်ပြည်သူများကို ဆန်၊ ဆီနှင့် ကုလားပဲများ လှူဒါန်းပွဲကို မေ ၂၅ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ထိုသို့ လှူဒါန်းရာတွင် ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များသည် လမ်း၆၀နှင့် ၁၂၅ လမ်းရှိ လောကပါလ လူမှုကူညီရေးအသင်းရုံး၌ အိမ်ထောင်စုဝင် ၅၀၀ ကျော်နှင့် ၇၉လမ်း၊ ၃၃လမ်းနှင့် ၃၄ လမ်းကြားရှိ လျှောင်ဘေးသင့် အိမ်ထောင်စုဝင် ၈၈၀ ဦးအား လေးပြည်ဝင်ဆန်အိတ် တစ်အိတ်၊ ဆီတစ်ဘူး၊ ကုလားပဲ အိတ်သေး တစ်အိတ်စီ လှူဒါန်းကြသည်။

အဆိုပါ မန္တလေး ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းမှ အလှူရှင်များသည် လျှောင်ဘေးသင့်နေရာများသို့ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခဲပုံ)**

**(၀၉၁)**

*-*-*-*-*-*-*

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၂)၊ ဦးပိုင်အမှတ်(၁၇)၊ ဧရိယာ(၀ ၁၁၁မ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးမောင်ထွန်း(ဘ)ဦးတော်(၉/အမရ(နိုင်)၀၁၂၃၀၈) အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း ဧရိယာပေ (၂၀×၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်တစ်ခြမ်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သန်းရွှေ (ဘ)ဦးမောင်ပု(၉/မရမ(နိုင်)၀၃၉၃၆၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက်တစ်ခြမ်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးသန်းရွှေ B.A (Hist), H.G.P**
**အထက်တန်းရှေ့နေ**
**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့၊ စည်သာယာရပ်ကွက်တွင် နေထိုင်သူ ဒေါ်ပြုံး(ဘ)ဦးသိန်းကြီး(၉/သပက(နိုင်)၀၅၉၅၂၈)သည် ၄၄ လမ်းနှင့် ၄၅ လမ်းကြား၊ နှင်းဆီလမ်း၊ အောင်သာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့တွင် နေထိုင်သူ ဒေါ်ငြိမ်းငြိမ်းမိုး(ဘ)ဦးလှထွေး(၉/ခအဇ(နိုင်)၀၃၃၁၉၀)ကိုင်ဆောင်သူသို့ မန္တလေးမြို့၊ မှတ်ပုံတင်စာချုပ်စာတမ်းရုံး၏ စာချုပ်အမှတ်(၂၅၈၉/၂၀၂၁)ဖြင့် (၂၀-၉-၂၀၂၁)ရက်က အထွေထွေကိုယ်စားလှယ်လွှဲစာ ပေးအပ်ခဲ့ပါသည်။ ယခုအခါ ဒေါ်ပြုံးက ဒေါ်ငြိမ်းငြိမ်းမိုးသို့ လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းပါကြောင်းနှင့် ဒေါ်ပြုံးနှင့် ဒေါ်ငြိမ်းငြိမ်းမိုးတို့အကြား ချုပ်ဆိုခဲ့ကြသည့် အရပ်ကတိအရောင်းအဝယ်စာချုပ် အသီးသီးကိုလည်း ဖျက်သိမ်းပါကြောင်း အထက်ပါကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဒေါ်ပြုံး(ဘ)ဦးသိန်းကြီး**
**၉/ပသက(နိုင်)၀၅၉၅၂၈**
**စည်သာယာရပ်ကွက်၊ ပုသိမ်ကြီးမြို့။**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးအေးနိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၁၆၀၈၁/၁၇-၉-၂၀၁၉)**
**တမ္ဗဝတီမုခ်ဦးတန်းရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၆၀၄၉၇၁၅**

## ကန့်ကွက်နိုင်ပါသည်

မန္တလေး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၂၅)၊ ဦးပိုင်အမှတ်(၆၂-က)၊ ဧရိယာ(၀ ၁၁၁မ ၀၂၂၀)ဧကအကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်သည် ဒေါ်အုန်းမေ(ခင်ပွန်း)ဦးညွန့်အောင် အမည်ပေါက်မြေကွက်ဖြစ်ပါသည်။

အဆိုပါ ဘိုးဘပိုင်မြေကွက်၏ မြောက်ဘက်ခြမ်း(အရှေ့အနောက် ၂၄ ပေ၊ တောင်မြောက် ၇ ပေ အကျယ်အဝန်းရှိ)မြေအစိတ်အပိုင်းကို ဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်နွယ်နွယ်အောင်(ဘ)ဦးညွန့်အောင်(၉/မရတ(နိုင်)၀၆၀၁၁၈)၊ ဦးသန်းဇော်အောင်(ဘ)ဦးညွန့်အောင်(၉/မရတ(နိုင်)၀၆၀၆၇၂)၊ ဒေါ်ခိုင်ခိုင်ဝင်း(ဘ)ဦးညွန့်အောင်(၉/မရတ(နိုင်)၀၆၀၇၂၂)နှင့် ဒေါ်မော်မော်အောင်(ဘ)ဦးညွန့်အောင်(၉/မရတ (နိုင်)၀၆၀၁၄၀)တို့ မောင်နှမ(၄)ဦးထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီး စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း စာဖြင့်ရေးသားကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

**လွှဲအပ်ချက်အရ–**
**ဒေါ်ယဉ်သူ**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်– ၅၇၉၈**
**အမှတ်(၃၇၄)၊ ၈၃ လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား**
**ဂုန္တန်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာရပ်ကွက်၊ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(ခ/၂၅၁)၊ ဧရိယာ(၀ ၁၁၁မ ၀၂၈)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိသော ဦးကြည် အမည်ပေါက်ဂရန်မြေကွက်အတွင်းမှ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသည့် ဒေါ်အိမို့မို့သန်း(ဘ)ဦးမြင့်သိန်း(၉/ပသက(နိုင်)၀၆၈၀၅၅)ထံမှ ကျွန်ုပ်မ၏ အမှုသည် ဦးသန်းဌေးဝင်း(ဘ)ဦးကံကြီး(၈/ထလန(နိုင်)၀၀၁၉၇၂)မှ ဝယ်ယူရန်အတွက် ရောင်းချသည့်ပစ္စည်း၏ တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် (၂၄-၅-၂၀၂၅)ရက်က ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ချယ်ရီသန်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၅၇၅၄)**
**'တိုင်ပင်ဖော်'ဥပဒေအကျိုးဆောင်လုပ်ငန်း**
**မန္တလေးမြို့။**
**ဖုန်း ၀၉-၉၆၈၆၈၃၁၀၀**

## 'VALUE' ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၅လမ်းနှင့် ၂၆လမ်းကြား၊ ၈၃လမ်းနှင့် ၈၄လမ်းကြား၊ အမှတ်(၁၇၈)နေ ဦးဖုန်းမြင့်ကျော်(ဘ)ဦးရဖီး(ခ)ဦးခင်မောင်လေး(၉/ခအဇ(နိုင်)၀၃၇၄၈၄)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**စာချုပ်အမှတ် – (၅၈၇ / ၂၀၂၅)**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးဖုန်းမြင့်ကျော်သည် အထက်ဖော်ပြပါ **"VALUE"** တံဆိပ်ကို တစ်ဦးတည်းမူပိုင်အမည်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် - **(၅၈၇ / ၂၀၂၅)** အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမည်အမှတ်တံဆိပ်ဖြင့် **(Solar & Battery**၊ အင်ဗာတာ၊ **Wire & Cable**၊ လျှပ်စစ်ပစ္စည်းအမျိုးမျိုးနှင့် အီလက်ထရောနစ်ပစ္စည်းအမျိုးမျိုး)တို့ပေါ်တွင် ကပ်နှိပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက် ရှိပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးဖုန်းမြင့်ကျော် ပိုင် **"VALUE"** အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပသုံးစွဲ၍ **(Solar & Battery**၊ အင်ဗာတာ၊ **Wire & Cable**၊ လျှပ်စစ်ပစ္စည်းအမျိုးမျိုးနှင့် အီလက်ထရောနစ်ပစ္စည်းအမျိုးမျိုး)တို့ပေါ်တွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများ မပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးဖုန်းမြင့်ကျော်၏ အကျိုးစီးပွား ထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ–**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း: 02-4068839၊ 09-2006029၊ 09-792006029၊ 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## 'Milano' 'SUPERLG' ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၃လမ်းနှင့် ၈၄လမ်းကြား၊ ၂၆(ဘီ)လမ်းနေ ဦးအောင်နိုင်မြင့်(ဘ)ဦးရဖီး(ခ)ဦးခင်မောင်လေး(၉/ခအဇ(နိုင်)၀၃၇၄၈၃)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

Milano Air Conditioner& Electronics

SUPERLG Air Conditioner & Electronics

**စာချုပ်အမှတ် – (၅၈၈ / ၂၀၂၅)** **စာချုပ်အမှတ် – (၅၈၉ / ၂၀၂၅)**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးအောင်နိုင်မြင့်သည် အထက်ဖော်ပြပါ **"Milano"**၊ **"SUPERLG"** တံဆိပ်များကို တစ်ဦးတည်းမူပိုင်အမည်အမှတ်တံဆိပ်များအဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် **-၅၈၈ / ၂၀၂၅**၊ မှတ်ပုံတင်စာချုပ်အမှတ်**–၅၈၉ / ၂၀၂၅** များအရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမည်အမှတ်တံဆိပ်များဖြင့် (လေအေးပေးစက်၊ လျှပ်စစ်ပစ္စည်းအမျိုးမျိုးနှင့် အီလက်ထရောနစ်ပစ္စည်းအမျိုးမျိုး)တို့ပေါ်တွင် ကပ်နှိပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက် ရှိပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးအောင်နိုင်မြင့် ပိုင် အမည်အမှတ်တံဆိပ်များ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပသုံးစွဲ၍ (လေအေးပေးစက်၊ လျှပ်စစ်ပစ္စည်းအမျိုးမျိုးနှင့် အီလက်ထရောနစ်ပစ္စည်းအမျိုးမျိုး)တို့ပေါ်တွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများ မပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးအောင်နိုင်မြင့်၏ အကျိုးစီးပွား ထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ–**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း: 02-4068839၊ 09-2006029၊ 09-792006029၊ 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါများခြင်းပင်ဖြစ်...

❖ နိုင်ငံတော်အနေဖြင့်လည်း အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် ပညာတတ်များနှင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ဆောင်ရွက်နေပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ် တိုးတက်ဖြစ်ပေါ်စေရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၆) မှ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## မောင်မောင်လွင်၏ သွင်းဂိုးဖြင့် မန်ချက်စတာယူနိုက်တက်အသင်းကို အနိုင်ရရှိခဲ့သည့် ASEAN All-Stars အသင်း

**ရန်ကုန် မေ ၂၈**

ခြေစမ်းပွဲစဉ်အဖြစ် ယနေ့ညပိုင်းက မလေးရှားနိုင်ငံ ဘူကစ်ဂျာလီကွင်းတွင် ပရီးမီးယားလိဂ်ကလပ် မန်ချက်စတာယူနိုက်တက်အသင်းနှင့် ASEAN All Stars အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ASEAN All Stars အသင်းက မန်ချက်စတာယူနိုက်တက်အသင်းအား မောင်မောင်လွင်၏ သွင်းဂိုး တစ်ဂိုးတည်းဖြင့် အနိုင်ရရှိခဲ့သည်။

ASEAN All Stars အသင်းတွင် မြန်မာ၊ ဗီယက်နမ်၊ တီမောနှင့် ကမ္ဘောဒီးယားစသည့် အာဆီယံနိုင်ငံများမှ လက်ရွေးစင်ကစားသမားများအား အာဆီယံဘောလုံးအဖွဲ့ချုပ်(AFF)မှ ရွေးချယ်ခေါ်ယူ၍ ဖွဲ့စည်းထားခြင်းဖြစ်ပြီး ကစားသမားအားလုံးကလည်း ကမ္ဘာ့အကောင်းဆုံးအသင်းတစ်သင်းဖြစ်သည့် မန်ချက်စတာယူနိုက်တက်အသင်းအား ရှိန်နေခြင်းမျိုးမရှိဘဲ တစ်သင်းလုံး အတွဲညီညီဖြင့် ထိုးဖောက် တိုက်စစ်ဆင်ကစားနိုင်ခဲ့သည်။

ယခုပွဲစဉ်တွင် မောင်မောင်လွင်သည် ပွဲချိန် ၅၄မိနစ်တွင်မှ လူစားဝင်ကစားခဲ့ပြီး အကောင်းဆုံးခြေစွမ်းပြကာ ပွဲချိန် ၇၁ မိနစ်တွင် ASEAN All Stars အသင်းအတွက် အနိုင်ရရှိစေမည့် သွင်းဂိုးတစ်ဂိုးအား မန်ချက်စတာယူနိုက်တက်အသင်းဘက်သို့ လှလှပပသွင်းယူပေးခဲ့သည်။

အသက် ၂၉ နှစ်အရွယ်ရှိ မောင်မောင်လွင်သည် မန်ချက်စတာယူနိုက်တက်အသင်းဘက်သို့ ဂိုးသွင်းယူနိုင်သည့် ပထမဆုံးသော မြန်မာ့လက်ရွေးစင်ကစားသမားအဖြစ်လည်း မှတ်တမ်းရေးထိုးနိုင်ခဲ့သည်။

(NGB)



ASEAN ALL Stars အသင်း ကစားသမားများကို တွေ့ရစဉ်။

## တံတားဦးမြို့နယ်၌ မိုးရာသီ သီးနှံမျိုးစုံ ၁၇၈၁၆၉ ဧက လျာထားစိုက်ပျိုးမည်

**တံတားဦး မေ ၂၈**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ဒေသခံပြည်သူများသည် အသက်မွေးဝမ်းကျောင်း လုပ်ငန်းအဖြစ် စိုက်ပျိုးရေးကို အဓိကအားထား လုပ်ကိုင်သူများဖြစ်ပြီး နွေ ၊ မိုး၊ ဆောင်း ရာသီအလိုက်သီးနှံများကို စိုက်ပျိုးကြကြောင်း သိရသည်။ ယခုနှစ် မိုးရာသီတွင် ဆည်ရေသောက်၊ ကန်ရေသောက်၊ လျှပ်စစ်မြစ်ရေတင်နှင့် မိုးကောင်းသောက်စနစ်များဖြင့် တံတားဦးမြို့နယ်တွင် မိုးရာသီ သီးနှံမျိုးစုံ ၁၇၈၁၆၉ ဧကကို လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည် ။



တံတားဦးမြို့နယ်တွင် မိုးစပါး ၁၄၅၇၅ ဧကနှင့် နှံစားပြောင်း ၁၂၈၉၈ ဧက၊ မိုးပဲမျိုးစုံ ၂၀၇၃၉ ဧက၊ မိုးဆီထွက်သီးနှံစုံ ၆၅၂၂၃ ဧက၊ မိုးစားဖိုဆောင် ၅၃၃ ဧက၊ မိုးအခြားသီးနှံဖြစ်သည့်၊ ကျွဲနွားစာအဖြစ် ၄၈၅၃၈ ဧကနှင့် ပဲမြစ် ၂၁၄၅ ဧက၊ စားသုံးခြင်းမပြုသီးနှံ ၇၈၅ ဧက၊ မိုးဟင်းသီးဟင်းရွက် ၉၉၃ ဧက၊ မိုးဝါမျိုးစုံ ၅၂၂၀ ဧက၊ မိုးကြံ ၈၁ ဧက၊ သစ်သီးနှစ်ရှည်ပင် ၆၄၃၉ ဧက၊ စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးကနေဒီထွန်း ထံမှ သိရသည် ။

မိုးရာသီတွင် သီးနှံမျိုးစုံ ထွက်တိုးရေးနှင့် အောင်မြင်သော သီးနှံ မျိုးစုံ ရရှိရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ပျိုးရေးလုပ်ငန်း ပိုမိုအောင်မြင်ဖြစ်ထွန်းရေး အဆင့်ဆင့် တာဝန်ခွဲဝေဆောင်ရွက်မည်ဖြစ်ပြီး ဒေသခံတောင်သူများနှင့် ပူးပေါင်းပြီး ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းများကို မျက်ခြည်မပြတ် စနစ်တကျစောင့်ကြည့်ဆောင်ရွက်ကာ ရာသီဥတု ရေ၊ မြေဒေသနှင့် ကိုက်ညီသည့် အထွက်နှုန်းကောင်းမျိုးများ၊ အရည်အသွေးကောင်းမျိုးများ၊ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ နည်းပညာ၊ နည်းစနစ်ကောင်းများ ဖြန့်ဝေပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဦးရဲတင့်(ပြန်/ဆက်)**